သိပ္ပံ ဧတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံနှစ်ပတ်လည်အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၄ခုနှစ် မတ် ၃ ရက်၌ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာဂျော်ဂျီ၊ ပါဗာနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၏စေတနာကိုအလုပ်ဖြင့်တုံ့ပြန် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်ဟန်ချက်ညီညီလက်တွဲ

- ✪ နိုင်ငံတကာ၏အခြေအနေကိုကြည့်ပါက အရှိန်အဟုန်ဖြင့် မြန်မြန်ဆန်ဆန် ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရမည်။
- ✪ ယင်းသို့မြန်မြန်ဆန်ဆန်ထူထောင်လုပ်ကိုင်သည့်အခါ မိမိတို့၏လူ့အရင်းအမြစ်များသည် အရည်အချင်း၊ အရည်အသွေးပြည့်မီသော လူ့အရင်းအမြစ်များ ဖြစ်လာရန် အထူးအရေးကြီး။
- ✪ အရည်အချင်းအဆင့်အတန်းမီသည့်ပညာတတ်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များမွေးထုတ်နိုင်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ဆရာများရှိရန်လိုအပ်။
- ✪ တနင်္သာရီတိုင်းသည်တိုင်းအတွင်းတည်ရှိသည့် သဘာဝသယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် ကိုင်တွယ်အသုံးချနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်လာမည်။
- ✪ နိုင်ငံတော်အနေဖြင့် ဝေးလံခေါင်သီသည့်ဒေသဟူ၍ ပစ်မထားဘဲ ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့်စေတနာဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဘဏ္ဍာငွေကြေးများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးနေ။
- ✪ နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး အလုပ်ဖြင့်တုံ့ပြန်နိုင်အောင်ကြိုးစားကြ၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီပူးပေါင်းလက်တွဲ၍ ဒေသဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းတည်ဆောက်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တနင်္သာရီတိုင်းစရီးစဉ်အတွင်းလမ်းညွှန်မှာကြားချက် –

ခေတ်မီနိုင်ငံတော်တည်ဆောက်ရာတွင် အရည်အသွေးရှိလူ့အရင်းအမြစ်များ မရှိမဖြစ်လိုအပ် ကမ္ဘာပေါ်၌လူ့အရင်းအမြစ်ပြည့်စုံသည့်နိုင်ငံများသာရေရှည်တိုးတက်သည့်သာဓကများရှိ မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့်တစ်လှမ်းချင်းလိုက်နေ၍မဖြစ်၊ လေးငါးဆယ်လှမ်း လှမ်းနိုင်ရမည်

တနင်္သာရီတိုင်း၌တည်ရှိသောသဘာဝသယံဇာတအရင်းအမြစ်များထိထိရောက်ရောက်အသုံးချ

ရန်ကုန် မတ် ၂

တနင်္သာရီတိုင်း မြိတ်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ စာမျက်နှာ ၇ ကော်လံ ၁ ❀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ကျွဲကူး–ကျောက်ဖျာတံတားတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၃ ရက်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အမျိုးသားရေးအဖြစ်ခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး အတွက် အမျိုးသားစီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ တိုးတက် ဖြစ်ထွန်းလာရေးအတွက် ကာလတိုစီးပွားရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ကြီးမားသော ကုန်ထုတ်လုပ်မှု ကဏ္ဍကြီးဖြစ်သည့် အလျောက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ ဆည်မြောင်းတာတမံ ၁၅၇ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၆၈၈၈၀သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ဒသမ၁၅ သန်းခန့်ကို အကျိုးပြုလျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများ ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၆၅ခု ဖြစ်ထွန်းလာပြီး လယ်ယာ မြေဧက သုံးသိန်းခန့် တိုးမြှင့် အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေတိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးခဲ့၍ လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို နည်းမျိုးစုံဖြင့် ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ် လယ်ယာ များအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီ ပေးခြင်းကြောင့်လည်းကောင်း၊ သီးနှံစိုက်ပျိုးသည့် ဧရိယာများ တိုးပွားများပြားလာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအားမှာလည်း ၁၅၀ရာခိုင်နှုန်းအထိ တိုးတက်လာမှုကြောင့် စုစုပေါင်း စိုက်ဧက ၃၉ဒသမ၉ သန်းအထိ ရှိခဲ့ပြီဖြစ်သည်။

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချ ထုတ်လုပ်နိုင်ရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲလုပ်ကိုင်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်တို့က လယ်ယာသုံး စက်ကိရိယာများကို အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော၂၀၀၄ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင်–

“တောင်သူလယ်သမားကြီးများ အနေဖြင့်လည်း နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး တိုးတက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးနေသည့် အခြေအနေ အချိန်အခါကောင်းကို ရယူ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင် ဆောင်ရွက် ကြရန် တိုက်တွန်းအပ်ပါသည်”

ဟု ဖော်ပြပါရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒ အပေါ်တွင် မြဲမြဲစွာရပ်တည်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသား စည်းလုံးညီညွတ်မှုတို့ ခိုင်မာအောင် တည်ဆောက်လျက်ရှိသကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးကို ဦးတည်ပြီး ကမ္ဘာ့နိုင်ငံအများအပြားနှင့် တိုင်းရင်းသားပြည်သူများက လိုက်လံစွာကြိုဆိုလျက်ရှိသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး အတွက် တောင်သူလယ်သမားကြီးများအားလုံးက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တိုင်းရင်းသား ပြည်သူအပေါင်းတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းကို အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဦးမြင့်သိန်း ဆွေးနွေးဟောပြော ပို့ချစဉ်။ (က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပူဇော်ပွဲ

ရန်ကုန် မတ် ၂

ကမ္ဘာ့ဇသာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် တောင်ကြီးအသင်း(ရန်ကုန်)တို့မှ ကြီးမှူး၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော ရှမ်းပြည်နယ်မှ ဆရာတော် ၁၉ပါးနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး သုံးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၆ ရက် မွန်းလွဲ ၂နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည် လမ်းဟောင်းရှိ ကမ္ဘာ့ဇ သာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ရှမ်းပြည်နယ်သူနယ်သားများနှင့် ဒါယကာ ဒါယိကာမများ အတူတကွ ကုသိုလ်ပါဝင် ပူဇော်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၂

မြောက်ဥက္ကလာပမြို့နယ် ပုပ္ပား(၃) ကျောင်းသာသနာပြု နယ်လှည့်မိုးကုတ် ဓမ္မကထိက ဓမ္မာစရိယ ရေဦး ဆရာ တော် ဘဒ္ဒန္တနန္ဒာသီရိ အရှင်သူမြတ် သည် ဧရာဝတီတိုင်းဘိုကလေးမြို့နယ် စကားလွန်းကျေးရွာ ရွာဦးကျောင်း၌ တပေါင်းလပြည့်ကျော် ၂ရက်မှ ၈ရက် အထိ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များဟောကြား မည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ဆုရရှိသူများကြေညာ

ရန်ကုန် မတ် ၂

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ကဗျာနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူး ကျင်းပသော စစ်ချီစစ်ရေးတေးပြိုင်ပွဲများမှ ဆုရရှိသူများအမည်စာရင်းကို သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်သည်။

စစ်ချီတေးပြိုင်ပွဲတွင် သဃ်န်းကျွန်းမြို့နယ်မှ စောရန်ကျော်၏ ‘ပြည့်အင်အားသားကောင်းသားမြတ်တို့ တပ်မတော်’က ပထမ၊ အင်းစိန်မြို့နယ်မှ လင်းကျော်၏ ‘စိတ်ဓာတ်မြင့်မား သားကောင်းများ’က ဒုတိယ၊ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှနေမွန်ရွှေဝင်း၏ ‘နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးထာဝစဉ်သယ်ပိုးဆောင် ရွက်နေတဲ့ တပ်မတော်’က တတိယ၊ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်မှ သန်းထွဋ်၏ ‘ကမ္ဘာ ပြိုင်စံမပေါ်သည့် မြန်မာနိုင်ငံတော်၏ တပ်မတော်’နှင့် တပ်မတော် (ရေ) စစ်တီးဝိုင်းတပ်မှ ရဲဘော်မြင့်လွင်၏ ‘ဂန္ထဝင်စံတင် တို့တပ်မတော်’တို့က အထူးဆုများ အသီးသီးရရှိကြသည်။

စစ်ရေးတေးအဆင့်(၁) ပြိုင်ပွဲတွင် လှိုင်မြို့နယ်မှ တက္ကသိုလ်မောင်ဌေးအောင်၏ ‘ပြည်သူ့လက်ရုံးပြည်သူ့ နှလုံး’ကပထမ၊ မြောက်ဥက္ကလာပမြို့နယ်မှ မောင်သက် အေး(ဂီတကဗျာ)၏ ‘ရွှေဇမ္ဗူရစ်မြဲအနှစ်ခေတ်သစ်ဆီသို့’ ကဒုတိယ၊ လက်ပံတန်းမြို့နယ်မှ လက်ပံတန်းအေးသန်း၏ ‘ဂုဏ်ယူပါသည် အောင်စစ်သည်’ ကတတိယ၊ တပ်မတော် (ရေ)စစ်တီးဝိုင်းတပ်မှ ရဲဘော်မြင့်လွင်၏ ‘နှိုင်းတုလို့မမီ တပ်မတော်ဂုဏ်ရည်’နှင့် တောင်ဥက္ကလာပမြို့နယ်မှ စိုးထွဋ် ခိုင်၏ ‘မြန်မာ့အောင်ပွဲ’တို့က အထူးဆုများအသီးသီးရရှိ ကြသည်။

စစ်ရေးတေးအဆင့်(၂)ပြိုင်ပွဲတွင် မင်္ဂလာတောင် ညွန့်မြို့နယ်မှ ဆုရွက်ဝေ၏ ‘မိုးလုံးဟိန်းလို့ အားသစ်ဝေ’က ပထမ၊ ပုသိမ်မြို့မှ ဖြိုးသဉ္ဇာခင်၏ ‘တပ်မတော်စွမ်းအား ပြည်ထွန်းကား’က ဒုတိယ၊ ပုသိမ်မြို့မှ မြတ်သူဟန်၏ ‘တပ်မတော်မော်ကွန်းသစ်’က တတိယ၊ တာမွေမြို့နယ်မှ ထွန်းထွန်းမင်း၏ ‘ဂုဏ်ယူပါတယ်’နှင့် မြဝတီရပ်မြင် သံကြားမှ အိရွှေစင်မင်း၏ ‘မောင်လေးစစ်သည်တော်’တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၄ ခုနှစ်၊ မတ်၂၇ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများ တက်ရောက်ယူရမည် ဖြစ်သည်။ ဆုရရှိသူများအားလုံးသည် ရုပ်မြင်သံကြား ရိုက်ကူးနိုင်ရန်အတွက် စစ်ချီစစ်ရေး တေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေးထံ အမြန်ဆုံး လာရောက်သတင်းပို့ရန် ဖြစ်သည်။ **(သတင်းစဉ်)**

အပေါင်ဆရာတော် ဝိဇာတမွေးနေ့ မင်္ဂလာပွဲ

ရန်ကုန် မတ် ၂

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အပေါင်ကျေးရွာ ပဓ္ဓောတာရုံကျောင်း တိုက်၌ တည်ထားကိုးကွယ်လျက်ရှိ သောရွှေပြည်အေးစေတီတော်မြတ်ကြီး၊ လေးသိန်းရှင်စေတီတော်မြတ်ကြီးနှင့် ရွှေဘုန်းပွင့်လိုတရစေရပ်ပွားတော်ကြီး နှစ်ဆူတို့၏ “ဗုဒ္ဓပူဇနိယ”ပွဲတော် အပေါင်ဆရာတော်ကြီးဘဒ္ဒန္တမာဃိန္ဒ၏ ဝိဇာတ မွေးနေ့မင်္ဂလာနှင့် စုပေါင်း မဟာသိက္ခာထပ် ဒုလ္လဘ ရဟန်းခံပွဲ လှူဒါန်းချီးမြှင့်မည်ဖြစ်ပါ၍ ၁၃၆၅ ခု တပေါင်းလဆန်း ၁၃ ရက် (၃–၃– ၂၀၀၄ ရက်)မှစ၍ ငါးရက်တိုင်တိုင် လှူဒါန်းကျွေးမွေးလျက်တရားဘာဝနာ များ နာကြား၍ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ကြောင်း သိရ သည်။ **(က–ပ)**

ဖေဖော်ဝါရီ ၂၈ ရက်က ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ကမာရွတ် မြို့နယ် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်မြက ကျောင်းကျန်းမာရေးစံပြဒုတိယဆုရ အမက(၄)ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ဓမ္မဒူတအရှင်ဆေကိန္ဒနှင့်ရွှေပါရမီတောရ အရှင်ဆန္ဒာဓိကတို့၏အထူးတရားပွဲ

ရန်ကုန် မတ် ၂

ရန်ကုန်မြို့ ဘောက်ထော် မိုးကောင်းလမ်းမနှင့် စွန်းလွန်းဂူလမ်းထောင့် ခြံအမှတ်(3B၊ 3C)(ရွှေနန်း၊ ရွှေဝါနန်း မိသားစုအလှူ)တွင် ဓမ္မဒူတအရှင်ဆေကိန္ဒက မတ်၅ရက် (သောကြာနေ့)နှင့် မတ်၇ရက် (တနင်္လာနေ့)၌ လည်းကောင်း၊ ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက က မတ် ၆ရက် (စနေနေ့)တွင် လည်းကောင်း ညစဉ် ၇ နာရီမှစ၍ တရားတော်များဟောကြားမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အမှာစကားပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေးဆိုင်ရာ လမ်းညွှန်မှုခံယူပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့သမိုင်းစဉ်တစ်လျှောက်အမျိုးသားရေးကြိုးပမ်းမှုတိုင်းမြန်မာအမျိုးသမီးများရှပ်ရှပ်ချွံချွံကြိုးပမ်းစွမ်းဆောင်ခဲ့ အမျိုးသမီးထုကြီး၏ တိုင်းကျိုးပြည်ဆောင်လူမှုရေးစိတ်ဓာတ်အစဉ်အလာကောင်းများ ပိုမိုတိုးပွားခိုင်မာလာ တန်ဖိုးမဖြတ်နိုင်သည့်နိုင်ငံ့စွမ်းအားစုကို အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြည်နယ်နှင့်တိုင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ကျင်းပရေးဆိုင်ရာ လမ်းညွှန်မှုခံယူပွဲ အခမ်းအနားကို မတ် ၁ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်း အဝေးကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ စုံညီအစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင်များ စုံညီစွာတွေ့ဆုံရခိုက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် စပ်လျဉ်း၍ သိရှိဖွယ်ရာများကို ရှင်းလင်းပြောကြားလိုကြောင်း။

ပြုပြင်ဖြည့်စွက်ဆွေးနွေး

မကြာမီကာလတွင်လည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုနှင့် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၏စုံညီအစည်းအဝေးကို ကျင်းပပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများ၊ ပြုပြင်ဖြည့်စွက်ရန်ကိစ္စများကို ဆွေးနွေးဆုံးဖြတ်သွားမှာ ဖြစ်ကြောင်း။

အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာမှ လုပ်ငန်းများ ပိုမိုကျယ်ပြန့်နက်ရှိုင်းထိရောက်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို နိုင်ငံတော်က တိုးမြှင့်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

စနစ်တကျဖွဲ့စည်း

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သည့်နေရာကနေ အမြဲထာဝရရှပ်ရှပ်ချွံချွံ ပါဝင်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသမီးထုကြီး၏ စိတ်ဓာတ်စွမ်းပကားနှင့် အစဉ်အလာကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် တန်ဖိုးထား အလေးအမြတ်ပြုပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက် မှုများ၌ ထိုက်တန်သည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် ယခုကဲ့သို့ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စနစ်တကျဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိသည်နှင့်အညီ အမျိုးသမီးထုကြီး၏ ပင်ကိုရှိရင်းစွဲ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုစိတ်ဓာတ်၊ တိုင်းကျိုးပြည်ဆောင် လူမှုရေးစိတ်ဓာတ်တို့ ပိုမိုထက်သန်မြင့်မားလာသည်နှင့်အမျှ အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများ ပေါ်ထွန်းလာခဲ့သကဲ့သို့ အခြားသောမိတ်ဖက်လူမှုရေးအဖွဲ့အစည်းများတွင်လည်း မြန်မာအမျိုးသမီးများသည် တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသည့် အစဉ်အလာကောင်းများလည်း ပိုမိုတိုးပွားခိုင်မာလာနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ မြန်မာအမျိုးသမီးများကဏ္ဍ ပြန်လည်တစ်ခေတ်ဆန်းသစ်ပြီး မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သော အစဉ်အလာကောင်းများ ပြန်လည်တောက်ကြွား ရှင်သန်ဖွံ့ဖြိုးနေသော အခြေအနေအချိန်အခါကောင်းတွင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ချုပ် ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

မှုအရှိန်အဟုန်နှင့် အနှစ်သာရကို ထပ်ဆင့်မြှင့်တင်ပေးသည့်အနေဖြင့် သော်လည်းကောင်း၊ အမျိုးသမီးကဏ္ဍ ဦးဆောင်ဦးရွက်ပြုရာတွင် ပိုမိုထိရောက်ထက်မြက်စွာ စွမ်းဆောင်နိုင်စေရန်အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ကြီးကို အဆင့်မြှင့်ဖွဲ့စည်းရန် လိုအပ်လာ ခြင်းကြောင့် နိုင်ငံတော်အစိုးရက ယခုကဲ့သို့ စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လူဦးရေ ၅၂ သန်းကျော်တွင် အမျိုးသမီးများသည် ၂၇ သန်းခန့်ပါဝင်ပြီး အရွယ်ရောက်လုပ်ရှားနိုင်သည့် ပမာဏသည် ၁၅သန်းခန့်ရှိသည့်အတွက် အလွန်ကြီးမားကျယ်ပြန့်သော အမျိုးသားရေးအရင်းအမြစ်ကြီးတစ်ရပ် ဖြစ်သည်နှင့်အညီ ယင်းအင်အားစုကြီးသည် တစုတစည်းတည်း ဖြစ်နေရန်လိုအပ်ကြောင်း။

ယင်းကဲ့သို့ ကြီးမားကျယ်ပြန့်သော အရင်းအမြစ်တစ်ရပ်ဖြစ်သည့်အပြင် သမိုင်းအစဉ်အဆက်တွင် စွမ်းရည်ထက်မြက်ခိုင်မာပြီး အမျိုးသားရေး အကျိုးစီးပွားကို အစဉ်တစိုက် ထမ်းဆောင်လာခဲ့သော စွမ်းအားစုကြီးလည်း ဖြစ်သည့်အတွက် ဤစွမ်းအားစုကြီးကို ပိုမိုခိုင်မာတောင့်တင်းမှုရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးစွမ်းအားစု

ဤတန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့စွမ်းအားစုကြီးကို အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး စနစ်တကျတာဝန်ခွဲဝေ ဖွဲ့စည်းထားသော စုစည်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အမျိုးသမီးများ၏ အားကိုးအားထားပြုရာ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ဖြစ်ထွန်းလာစေရအောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းထူထောင်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြစ်သော-

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏စီးပွားရေး၊ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်အမျိုးသမီးများ၏ဘဝလုံခြုံရေးကိုကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊**
- **အမျိုးသမီးများ၏အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်**

ဆိုသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထူထောင်ပေးထားခြင်းဖြစ်ကြောင်း။

အခြေခံမှုများ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးကဏ္ဍဆိုင်ရာ အမျိုးသားရေးလုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမှုများ ဖြစ်သော-

- ဒို့တာဝန် အရေးသုံးပါးကိုအခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည် ဆိုသည့် **‘အမျိုးသားရေးဆိုင်ရာအခြေခံမှု’၊**
- ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် **‘တိုင်းရင်းသားရေးဆိုင်ရာအခြေခံမှု’၊**

စာမျက်နှာ ၁၄ ကော်လံ ၁

အီရတ်တွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ အရေးပါမှု အမေရိကန် နားလည်သဘောပေါက်ရမည်ဟု သမ္မတပူတင်ပြောကြား

မော်စကို မတ် ၂

အီရတ်တွင် အမေရိကန်ပြည်ထောင်စုက ဆင်နွှဲသောစစ်ပွဲသည် မှားယွင်းကြောင်း၊ အီရတ်၌ ခုခံတိုက်ခိုက်ခံရမှုများကို အားပေးသကဲ့သို့ ရှိကြောင်း၊ အီရတ်၌ကုလသမဂ္ဂ၏အခန်းကဏ္ဍတိုးမြှင့်ရေးကို ရုရှားကအကူအညီပြုမည်ဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က သောကြာနေ့၌ ပြောကြားလိုက်သည်။

အီရတ်စစ်ပွဲကို ရုရှားနိုင်ငံက ပြစ်တင်ဝေဖန်ခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး တင်းမာခဲ့ရသည်။

အီရတ်ကို စစ်ဆင်ရေးပြုလုပ်ခြင်းသည် မှားသည်ဟု မိမိယုံကြည်ကြောင်း၊ ဆက်လက်၍လည်း ယုံကြည်ကြောင်း၊ နောက်ဆက်တွဲ ဖြစ်ရပ်များက မှားကြောင်းကို သက်သေထူကြောင်း သမ္မတ ပူတင်က ပြောဆိုသည်။ သမ္မတပူတင်သည် ၎င်းအနေဖြင့် အလွယ်တကူအနိုင်ရဖွယ်ရှိသော မတ်လ ၁၄ရက်၌ ကျင်းပမည့် သမ္မတရွေးချယ်ပွဲအကြိုကာလတွင် ဆိုက်ဘေးရီးယားရှိ ကရာနိုယာ့စ်သို့ အသွား၌ ထိုသို့ ပြောကြားခြင်းဖြစ်သည်။

အီရတ်၌ သေပျောက်မှုများ တိုးလာပြီး ခုခံတိုက်ခိုက်ခံရမှုများလည်း တိုးလာနေသည်ဟု ပူတင်က ပြောဆိုကြောင်း အီတာတာ့စ်သတင်းဌာနသတင်းဖော်ပြချက်အရသိရသည်။ အီရတ်ဖြေရှင်းချက်တစ်ရပ်တွင် ကုလသမဂ္ဂကဏ္ဍအရေးပါမှုကို အမေရိကန် ပြည်ထောင်စုက နားလည်သဘောပေါက်ထားရမည်၊ အီရတ်အရေးကိစ္စကို စိတ်ဝင်စားသူများအားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဟု သမ္မတပူတင်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်း

တိုက်ခိုက်ခံရမှုကြောင့် အက်စ်တိုးနီးယားတပ်ဖွဲ့ဝင်သေဆုံး

ဘဂ္ဂဒက် မတ် ၁

အီရတ်နိုင်ငံအလယ်ပိုင်းတွင် အပြန်အလှန်ပစ်ခတ်မှုအတွင်းရရှိခဲ့သော ဒဏ်ရာဖြင့် အက်စ်တိုးနီးယားတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင်ပြောသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် စနေနေ့ညပိုင်း၌ ဘဂ္ဂဒက်၏ အနောက်မြောက်ဘက်တွင် ဖောက်ခွဲရေးပစ္စည်းများကို ပူးတွဲစုံစမ်းစစ်ဆေးသည့် အပေါင်းပါ တပ်ဖွဲ့ဝင် ၁၂ ဦးအနက် တစ်ဦးဖြစ်ကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ကင်းလှည့်တပ်ဖွဲ့သည် ည ၉ နာရီ(ဂရင်းနစ်စံတော်ချိန် ၁၈း၀၀နာရီ)ခန့်တွင် တိုက်ခိုက်ရေးသမားအုပ်စုတစ်စုက လက်နက်ငယ်များဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုနှင့်ကြုံခဲ့ရကြောင်း ၎င်းကပြောသည်။

အက်စ်တိုးနီးယားတပ်ဖွဲ့ဝင်သည် ဒဏ်ရာရရှိသဖြင့် ဘဂ္ဂဒက်ရှိဆေးရုံသို့ တင်ပို့ခဲ့ရာ ရရှိသောဒဏ်ရာကြောင့် မကြာမီ သေဆုံးသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မတ် ၁ ရက်က ကာဘာလာ မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော် ဆန္ဒပြနေသော အီရတ် တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှု အီရတ်တစ်ဦးသေ အခြားတစ်ဦးဒဏ်ရာရ

ဆာမာဝါ မတ် ၂

အီရတ်နိုင်ငံတောင်ပိုင်း ဆာမာဝါမြို့စွန်၌ အမေရိကန်တပ်ဖွဲ့ဝင်များက ရပ်တန့်ရန် အမိန့်ပေးခဲ့ခြင်းအား မနာခံဘဲ မောင်းပြေးသော ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့မှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

အဆိုပါပစ်ခတ်မှုကြောင့် အီရတ်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။ ပစ်ခတ်မှုသည် ဆာမာဝါမြို့မှ ရှိမေသာမြို့သို့ သွားသောလမ်းမပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆာမာဝါမြို့၌ တပ်စွဲထားသော ဂျပန်မြေပြင် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များ၏ တပ်မှူး ကိုအီချီရိုဘန်းရှိုးသည် ဒေသဆိုင်ရာ ကောင်စီနှင့် သွားရောက်တွေ့ဆုံမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။ **(အင်န်အိပ်ချ်ကေ)**

အီရတ်အတွက် အလှူရှင်နိုင်ငံများညီလာခံ စတင်ကျင်းပ ဦးစားပေးစီမံကိန်း ၇၀၀ အတွက် ငွေကြေးထုတ်ပေးရန် မေတ္တာရပ်ခံ

အဘူဒါဘီ မတ် ၁

အာရပ်စော်ဘွားများနိုင်ငံ အဘူဒါဘီမြို့တွင် အီရတ်နိုင်ငံပြန် လည်တည်ဆောက်ရေးအတွက် နှစ်ရက်ကြာ အလှူရှင်နိုင်ငံများညီလာခံကို စတင်ကျင်းပခဲ့သည်။ စနေနေ့နံနက်ပိုင်းတွင် လွန်ခဲ့သည့် အောက်တိုဘာလက မက်ဒရစ်၌ ရရှိခဲ့သော ငွေကြေးပံ့ပိုးမှုဆိုင်ရာယန္တရားနှင့် အဆိုပြုခဲ့သော လှူဒါန်းရေးအစီအစဉ်များကို ယင်းညီလာခံ၌ ဆွေးနွေးရန် ဖြစ်သည်။

အီရတ်စီမံကိန်းဌာနဝန်ကြီး မာဒီ အယ်လ်ဟာဖီဒါက လာမည့် ၁၂ လ အတွင်း ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိ ဦးစားပေးစီမံကိန်း ၇၀၀ အတွက် ငွေကြေးထုတ်ပေးရန် အလှူရှင်နိုင်ငံများအား မေတ္တာရပ်ခံခဲ့သည်။

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် အလှူရှင်နိုင်ငံများက ဒေါ်လာ ၃၃ဘီလီယံပေးရန် ကတိပြုထားခဲ့သည့် မက်ဒရစ် ညီလာခံအတွင်း ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စောစီးစွာ အကောင်အထည်ဖော်မည်ဟု မိမိတို့မျှော်လင့်ကြောင်း ၎င်းကပြောသည်။

ယူအေအီး ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး မိုဟာမက်ခါလ်ဖန်ဘင်ခါဘက်ချ်က မိမိတို့နိုင်ငံသည် အီရတ်နိုင်ငံအတွက် ရေရှည်ရပ်တည်ထောက်ပံ့ခဲ့ခြင်းနှင့် နိုင်ငံတကာ ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများကို အလေးပေးကြောင်း ညီလာခံဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားခဲ့သည်။

ယူအေအီးနိုင်ငံ၏ ကုမ္ပဏီများနှင့် အကူအညီပေးရေး အဖွဲ့အစည်းအားလုံးသည် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် ပါဝင်ရန် ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မတ် ၁ရက်က မိုဆူးလ်မြို့အနီး စစ်ဆေးရေးစခန်းတစ်ခုတွင် အမေရိကန် တပ်ဖွဲ့ဝင်များက စစ်ယာဉ်များဖြင့် လုံခြုံရေးစောင့်ကြပ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံးဖယ်ရှားစဉ် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၁

အီရတ်နိုင်ငံရှိအမေရိကန်ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် တစ်ဦးသည် ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံး တစ်လုံးကို ဖယ်ရှားပစ်ရန်ကြိုးပမ်းနေစဉ် အီရတ်ခုခံတိုက်ခိုက်ရေးသမားများက သေနတ်ဖြင့် ပစ်ခတ်ခြင်းကြောင့် သေဆုံးသွားကြောင်း သိရသည်။ ပစ်ခတ်ခံရပြီး သေဆုံးသွားသော တပ်ဖွဲ့ဝင်သည် အမေရိကန်တပ်ဖွဲ့ဝင် မဟုတ်ကြောင်းနှင့် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့မှ မည်သည့်တပ်ဖွဲ့ဝင်ဖြစ်သည် ဆိုသည်ကို အမေရိကန် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူက ထုတ်ဖော်ပြောကြားခြင်းမပြုဟုဆိုသည်။ **(စီအင်န်အင်န်)**

နောက်ထပ် လျော်ကြေးငွေရရန် အီရတ်မိသားစုများ တောင်းဆို

လန်ဒန် မတ် ၁

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် သေဆုံးရသည်ဟုဆိုသော အီရတ်အရပ်သား ၁၃ ဦး၏ မိသားစုများကိုယ်စား ဆောင်ရွက်ပေးသော ရှေ့နေများက နောက်ထပ်လျော်ကြေးငွေရရန် တောင်းဆိုထားကြပြီး ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက စုံစမ်းစစ်ဆေးရန်လည်း တောင်းဆိုထားသည်။ မိသားစုများအားလုံးကို ထိခိုက်နစ်နာမှုလျော်ကြေး ပြည့်ပြည့်ဝဝ ပေးရမည်ဟု ပြည်သူ့အကျိုးဆောင်ရွက်ရေး ရှေ့နေ ဖီလ်ရှီနာက ပြောကြားသည်။

ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနသည် တရားမျှတပြီး ယုတ္တိတန်သော လျော်ကြေးအစီအစဉ်ထူထောင်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ဥပဒေမဲ့ သေဆုံးမှု၊ ဒဏ်ရာရမှု သို့မဟုတ် ပစ္စည်းဥစ္စာဆုံးရှုံးခံရသော သူများအားလုံးကို လျော်ကြေးပေးနိုင်မည်ဖြစ်ကြောင်း ရှီနာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အရှေ့အလယ်ပိုင်းကိစ္စ အာရပ်နိုင်ငံများနှင့်ဆွေးနွေးရန် အာရပ်အဖွဲ့ချုပ်အကြီးအကဲ ကိုင်ရို၌ပြောကြား

ကိုင်ရို မတ် ၁

အရှေ့အလယ်ပိုင်း ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာနှင့် ပတ်သက်၍ အာရပ် နိုင်ငံများနှင့် ဆွေးနွေးပွဲသည် လိုအပ်ကြောင်း အာရပ်အဖွဲ့ချုပ်အကြီးအကဲအမ်ရာမူဆာက စနေနေ့၌ ကိုင်ရိုတွင် ပြောကြားလိုက်သည်။

ပြောကြား

အရှေ့အလယ်ပိုင်းတွင် နိုင်ငံရေးပြောင်းလဲမှု ပိုမိုဖြစ်ထွန်းစေရန်နှင့် စီးပွားရေး တိုးတက်စေရန် ရည်ရွယ်သော အမေရိကန်၏ရှေ့ဆောင်မှုကို ရည်ညွှန်းလျက် မူဆာက ထိုသို့အာရပ်နိုင်ငံများနှင့် ဆွေးနွေးရမည်ဖြစ်ကြောင်းကို သတင်းထောက် များအား ပြောကြားသည်။

ဆန့်ကျင်

အာရပ်ခေါင်းဆောင်များသည် အမေရိကန်၏ အစီအစဉ်နှင့် စပ်လျဉ်း၍ အေးတိအေးစက်ရှိကြပြီး ပြည်ပက ပြဋ္ဌာန်းသော မည်သည့်ပြုပြင်ပြောင်းလဲမှုကို မဆို ဆန့်ကျင်ကြောင်း ပြောကြားကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး ၂၀၀၃ခုနှစ်အတွင်း ၉ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့

ပေကျင်း မတ် ၁

တရုတ်နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)သည် ၂၀၀၃ခုနှစ်အတွင်း၌ ယခင်နှစ်ထက် ၉ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယွမ် ၁၁ ဒသမ ၆၆၉၄ ထရီလီယံ (ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံ)ရှိခဲ့ကြောင်း နှစ်ပတ်လည်ထုတ်ပြန်သည့် ပြည်ပ၏ စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးရေးစာရင်းဇယားအရ သိရသည်။

၂၀၀၃ခုနှစ်အတွင်း၌ နိုင်ငံခြားကုန်သွယ်မှု ပိုလျှံငွေစုစုပေါင်း ၂၅ ဒသမ ၅ ဘီလီယံရှိခဲ့ရာ ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ ကျဆင်းခဲ့သည်။ အရန်နိုင်ငံခြားငွေကြေးသည် ဒေါ်လာ ၄၀၃ ဒသမ ၃ ဘီလီယံရှိခဲ့သဖြင့် ဒေါ်လာ ၁၁၆ ဒသမ ၈ ဘီလီယံ မြင့်တက်ခဲ့သည်။

စုစုပေါင်းသီးနှံထုတ်လုပ်မှုသည် ၂၀၀၃ခုနှစ်အတွင်း တန် ၄၃၀ ဒသမ ၆၇သန်းထိရှိသဖြင့် ၅ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သို့ရာတွင် အဆင့်မြင့်နည်းပညာ၊ စွမ်းအင်၊ ကုန်ကြမ်းပစ္စည်းနှင့် မော်တော်ကားထုတ်လုပ်မှုကဏ္ဍတွင် လျင်မြန်စွာ တိုးတက်ခဲ့ရာ စက်မှုပေါင်းစပ်တန်ဖိုးသည် ၁၂ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယွမ် ၅ ဒသမ ၃၆၁၂ ထရီလီယံထိရှိခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

မတ် ၁ ရက်က ဘဂ္ဂဒက်မြို့၌ အချုပ်အခြာအာဏာ အမြန်ဆုံးလွှဲပြောင်းပေးရန် ဆန္ဒပြတောင်းဆိုနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြားဖြတ် ဖွဲ့စည်းပုံ ဥပဒေကြမ်း လက်မှတ်ထိုးရန် အီရတ်အုပ်ချုပ်ရေးကောင်စီ ရက်ရွှေ့ဆိုင်း

ဘဂ္ဂဒက် မတ် ၁

အီရတ်ဥပဒေပြုအမတ်များ သဘောကွဲ မှုများဖြစ်ပေါ်စဉ်အတောအတွင်း ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးရက်နှင့် လွဲချော်ခဲ့ကြပြီးနောက် ကြားဖြတ်ဖွဲ့စည်းပုံဥပဒေကြမ်းကို လက်မှတ်ရေးထိုးရန် ဗုဒ္ဓဟူးနေ့အထိ ရွှေ့ဆိုင်းရန် အီရတ်အုပ်ချုပ်ရေးကောင်စီက ဆုံးဖြတ်လိုက်သည်။

အီရတ်အုပ်ချုပ်ရေးကောင်စီသည် အာရှူရာ အားလပ်ရက် ပြီးသည်အထိ စေ့စပ်ဆွေးနွေးပွဲ များကို ယမန်နေ့က ရွှေ့ဆိုင်းခဲ့ကြောင်း အမေရိကန်ဦးဆောင်သော အပေါင်းပါ အဖွဲ့ ပြောခွင့်ရှိသူက ပြောကြားသည်။

ဦးစားပေး

ထိုအတောအတွင်း နှစ်ရက်ကြာကျင်းပသည့် အလှူရှင် ညီလာခံမှ ယမန်နေ့က ပြန်ရောက်လာသော အီရတ်စီမံကိန်းဝန်ကြီးမိဒီယာဖက်ဒ်ကထိပ်တန်း ဦးစားပေးစီမံကိန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ပြောဆိုခဲ့သည်။

မလိုလား

ထိုသို့ဆိုသော်လည်း ကုလသမဂ္ဂ ကိုယ်စားလှယ်က အလှူရှင်နိုင်ငံများသည် အီရတ်လုံခြုံရေးအခြေအနေ မကောင်းခြင်းကို စိုးရိမ်ကြပြီး အစိုးရအဖွဲ့ရွေးချယ်ပြီးသည်အထိ ငွေကြေးရန်ပုံငွေများကိုလှူရန် မလိုလားကြောင်း ပြောဆိုသည်။

စေ့စပ်ဆွေးနွေးပွဲများကို အာရှူရာ အင်္ဂါနေ့အားလပ်ရက်ပြီးသည်အထိ ဆက်လက်မလုပ်လျှင် ဗုဒ္ဓဟူးနေ့၌ စီစဉ်ထားသော လက်မှတ်ရေးထိုးမည့် အစီအစဉ်ကို ဆက်လုပ်မည်မဟုတ်ကြောင်း အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ ပြောခွင့်ရှိသူက ပြောကြားသည်။

(အင်တာနက်)

အီရတ်ပြေးခုန်ပစ်အားကစားသမားများ အေသင်အိုလံပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်

အေသင် မတ် ၁

နိုင်ငံတကာဆိုင်ရာ အိုလံပစ်ကော်မတီသည် အီရတ်နိုင်ငံအား အိုလံပစ်အားကစားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို ရပ်ဆိုင်းထားခြင်းအား ရုပ်သိမ်းပေးလိုက်ရာ အီရတ်ပြေးခုန်ပစ် အားကစားသမားများသည် နိုင်ငံ၏အလံအောက်တွင် ၂၀၀၄ ခုနှစ် အေသင်အိုလံပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြတော့မည်ဖြစ်သည်။

အီရတ်အိုလံပစ်ကော်မတီသစ်ကို လွန်ခဲ့သည့်လ၌ ရွေးချယ်ခဲ့ပြီး အေသင်အစည်းအဝေး၌ တရားဝင်အတည်ပြုခဲ့သည်။

အီရတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌသစ်က အဖွဲ့အစည်းသည် သုညကစရမည်ဖြစ်ကြောင်းနှင့် ပထမခြေလှမ်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အေသင် အားကစားပြိုင်ပွဲများနှင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ အပါအဝင်နိုင်ငံအများ၌ ယှဉ်ပြိုင်ရန် အလားအလာရှိသော အီရတ်ပြေးခုန်ပစ် အားကစားသမားအချို့ကို ရွေးချယ်ထားပြီးဖြစ်သည်။

ပြေးခုန်ပစ် အားကစားသမားခုနစ်ဦးနှင့် ၂၇ဦးကြား ယှဉ်ပြိုင်မည်ဟု မျှော်လင့်ရပြီး အီရတ်အိုလံပစ်ကော်မတီဥက္ကဋ္ဌသစ်က ခက်ခဲမည်ဖြစ်သော်လည်း အားကစားပွဲများကို ဝင်ရောက်မယှဉ်ပြိုင်မိ တိုတောင်းသော အချိန်ကာလအတွင်း အကောင်းဆုံးပြင်ဆင်သွားမည်ဟု ပြောဆိုသည်။

(အင်တာနက်)

စည်းကမ်းမဲ့သစ်ခုတ်လှဲ၍ သစ်တောများပြုန်းတီး

ကင်ရှာဆာ ဖေဖော်ဝါရီ ၂၉

ကမ္ဘာ့သစ်တောများအနက် ဒုတိယအကြီးဆုံးဖြစ်သော ကွန်ဂိုဒေသ၌ နို့တိုက်သတ္တဝါများ အပါအဝင် ဇီဝမျိုးစုံ မျိုးစိတ်ကွဲများမှီတင်းနေထိုင်ရာ နေရာဖြစ်သည်။

၎င်းသဘာဝ သစ်တောအတွင်း စည်းကမ်းမဲ့သစ်ခုတ်လှဲခြင်းကြောင့် လျင်မြန်စွာ ပြုန်းတီးလျက်ရှိရာ မူရင်းသစ်တော၏ ၁၅ ရာခိုင်နှုန်းသာ အကောင်းပကတိ ကျန်တော့ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

သစ်တောများအား စနစ်တကျခုတ်လှဲရေးနှင့်ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သစ်တောများသည် ရေနံပြီးလျှင် ဒုတိယဝင်ငွေအများဆုံးရရှိသောအရင်းအမြစ်ဖြစ်ခြင်းကြောင့် စီးပွားရေးအကျိုး အမြတ်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ချိန်ခွင်လျှာညီမျှစွာ ဆောင်ရွက်နိုင်ရေးအတွက် အာဖရိကနိုင်ငံများ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

အမေရိကန်စစ်တပ်ရှိ အမျိုးသမီးစစ်မှုထမ်း ၂၁၄၀၀၀ အနက် ၆၄၀၀ ခန့် လိင်မှုကိစ္စ၌ အနိုင်ကျင့်ခြင်းခံခဲ့ရဟု ၂၀၀၂ ခုနှစ် လေ့လာချက်၌ ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၈

အီရတ်နှင့် အာဖဂန်နစ္စတန်ရှိ အမေရိကန်အမျိုးသမီးစစ်မှုထမ်းများကို အမျိုးသားစစ်မှုထမ်းများက လိင်မှုကိစ္စတွင် အနိုင်ကျင့်ခဲ့သည်ဆိုသော တိုင်တန်းချက်များကို အမေရိကန်စစ်တပ်အရာရှိများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်တပ်အား အမျိုးသမီးစစ်မှုထမ်း ၄၀ ခန့်က ၎င်းတို့ လွန်ခဲ့သည့်နှစ်အတွင်း လိင်ကိစ္စအနိုင်ကျင့်ခံခဲ့ရကြောင်း စွပ်စွဲတိုင်တန်းခဲ့သည်ဟု အတည်ပြုပြောဆိုသည်။

တိုင်တန်းစွပ်စွဲချက်များတွင် အာဖဂန်နစ္စတန်နှင့် ကူဝိတ်၌ဖြစ်ပွားသော ဖြစ်ရပ်များလည်း ပါဝင်သည်ဟု ဆိုသည်။

အမျိုးသမီးစစ်မှုထမ်း ၁၀၀ကျော်က ၎င်းတို့မှုဒိမ်းကျင့်ခံရကြောင်းအပြင် အခြားလိင်ကိစ္စ၌ အနိုင်ကျင့်ခံရကြောင်း တိုင်တန်းပြောဆိုခဲ့သည့်အတွက် ဝါရှင်တန်တွင် ယခုသီတင်းပတ်အတွင်း ကွန်ဂရက်အမတ်များ တုန်လှုပ် ချောက်ချားခဲ့ကြရသည်ဟု ပြောဆိုခဲ့ကြသည်။

အမေရိကန်စစ်တပ်တွင် အမျိုးသမီးစစ်မှုထမ်း ၂၁၄၀၀၀ရှိသည့်အနက် ၆၄၀၀ခန့်သည် လိင်ကိစ္စတွင် မတရားအနိုင်ကျင့်ခံခဲ့ရကြောင်း ၂၀၀၂ခုနှစ် လေ့လာချက်၌ ဖော်ပြထားသည်။

(အင်တာနက်)

အမေရိကန်တို့ပစ်ခတ်၍ ဒဏ်ရာရသော ကလေးများ ဂရိနိုင်ငံသို့ စေလွှတ်ပြီး ဆေးကုသမှုပေးလျက်ရှိ

အေသင် မတ် ၁

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူကလေး ငယ်များအား မျှော်လင့်ချက်ပြောင်းလဲခြင်းအမည်ရှိ စီမံကိန်းဖြင့် ဂရိနိုင်ငံသို့စေလွှတ်ပြီး ဆေးကုသမှု ခံယူစေခဲ့သည်။

၎င်းအစီအစဉ်ကို ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနက စတင်အဆိုပြုခဲ့ကာ အီရတ်ဆိုင်ရာ ဂရိသံအမတ်၏စီစဉ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကောင်းမွန်သက်သာ

အီရတ်ကလေးငယ်များအနက် အမေရိကန်တို့၏ပစ်ခတ်မှုကြောင့် ဦးခေါင်းထဲတွင် ကျည်ဆန်ဝင်နေသော ဘလဲယားဆိုသူကလေးငယ်အား ဂရိဆရာဝန်များက ခွဲစိတ်ကုသပေးခဲ့ရာ အခြေအနေကောင်းမွန်သက်သာလာခဲ့သည်။

ယခုကဲ့သို့ ကုသပေးနိုင်မှုများအတွက် ဂရိဆရာဝန်များက နှစ်ထောင်းအားရဖြစ်လျက်ရှိကြောင်း သိရသည်။

(စီအင်န်အင်န်)

မောင်းသူမဲ့လေယာဉ်ငယ်များ အီရတ်စစ်ပွဲ၌အသုံးပြုခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၉

လေကြောင်းနည်းပညာရပ်များ ဆန်းပြားလာသည်နှင့်အမျှ မောင်းသူမဲ့ လေယာဉ်ပျံငယ်များ၏ အခန်းကဏ္ဍသည်လည်း ပိုမိုအရေးပါကျော်ကြားလာခဲ့သည်။ ၎င်းမောင်းသူမဲ့လေယာဉ်ပျံငယ်များ၏ အားသာချက်သည် လေယာဉ်မှူး၏ အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေမျိုးမှာ ပျံသန်းထောက်လှမ်းနိုင်ခြင်းဖြစ်သည်။

၎င်းလေယာဉ်၌တပ်ဆင်ထားသော ၂၈ဂရမ်သာအလေးချိန်ရှိသည့်အပြားကို မြေပြင်စခန်းမှ ကွန်ပျူတာအကူအညီဖြင့်မောင်းနှင်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ ထောက်ပံ့မှုအနည်းငယ်ဖြင့် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ၎င်းတို့ကိုမိုးလေဝသအခြေအနေစောင့်ကြည့်လေ့လာရေး၌သာမက စုံစမ်းထောက်လှမ်းရေး၌ပါ အသုံးပြုနိုင်ကြောင်း အီရတ်စစ်ပွဲ၌ ယခုကဲ့သို့ယာဉ်များကို အသုံးပြုခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

ဖေဖော်ဝါရီ ၂၉ ရက်က တီကရစ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအနီးမှ အီရတ်အမျိုးသမီးနှစ်ဦး ဖြတ်လျှောက်သွားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

✲ *ကျောဖုံးမှ*

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော် တည်ထားပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက မဟာသိဒ္ဓိဇယစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို ပုံစံကားချပ်များနှင့် စေတီတော်ပုံစံငယ်တို့ဖြင့် ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဌာနဆိုင်ရာများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား နှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်သို့ သွားရောက်ကြပြီး စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ မြိတ်မြို့စံကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တပဏ္ဍာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စံကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဝန်ကြီးများသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ သင်္ဘောဆိပ်၊ ကမ်းနားနှင့် ပတ်ဝန်းကျင် အခြေအနေများကို ဗုဒ္ဓသာသနာ့ဗိမာန်တော်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြိတ်မြို့ရှိ မဟာသိဒ္ဓိဇယ စေတီတော်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီး၏ ဗုဒ္ဓသာသနာ့ဗိမာန်တော်တွင် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘူလ်ဂေးရီးယားသမ္မတနိုင်ငံအမျိုးသားနေ့ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် မတ် ၃ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆိုလိုမွန်ပါစီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဂုဏာဝိသိဋ္ဌပူဇာကျင်းပမည်

ရန်ကုန် မတ် ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် (၁/၂၀၀၄)အရ သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ပုလောမြို့နယ်ဖွား မော်လမြိုင်မြို့ ဆင်ဖြူကျောင်းတိုက် ဆရာတော်ဒွိပိဋကဓရ ဘဒ္ဒန္တ ခေမာစာရအား ပုလောမြို့နယ်အသင်း(ရန်ကုန်)က မတ် ၇ ရက် (တပေါင်းလပြည့်ကျော် ၂ရက်) တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ထပ်ဆင့်ပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ မြို့နယ်သားများ လှူဖွယ်ပစ္စည်းများနှင့် လာရောက်ပူဇော်နိုင်ကြောင်းနှင့် ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးဘမြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွန့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃ နှင့် အသင်းတာဝန်ခံ ဦးသန်းဝင်း ဖုန်း-၂၂၀၃၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဟင်းရွက်ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၃၀ ၇။ **“တစ်ဘဝစာ”** (သတ္တိ၊ မေသဥ္ဇာဦး၊ ချောချစ်) (ဒါရိုက်တာ-ရိုးရိုး)
- ၁၇:၄၅ ၈။ သီချင်းကြီးပဒေသာ
- ၁၈:၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈:၁၅ ၁၀။ Discovery
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၂၀ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၅။ စန္ဒကူးနံ့ သာကျောင်းတော်ရာစေတီ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ အချစ်ဆိုသည်မှာ”**(အပိုင်း-၆)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Frequency Distribution Table (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တစ်ရေးချစ်ခွင့်”** (အပိုင်း-၁၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လှိုင်းပုနှင့်သောင်းချမ်”** (အပိုင်း-၃၅) ဇာတ်သိမ်းပိုင်း
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မြိတ်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

တနင်္သာရီတိုင်း၌ မြေသယံဇာတ၊ ရေသယံဇာတနှင့် ပင်လယ်ပြင်သယံဇာတများ ပေါကြွယ်ဝ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအထောက်အကူပြုနိုင်

❀ ***ရှေ့ဖုံးမှ***

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီတွင် မြိတ်မြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြိတ်တက္ကသိုလ် ခေတ္တဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ မြိတ်မြို့ အစိုးရကွန်ပျူတာကောလိပ်နှင့် မြိတ်မြို့ အစိုးရနည်းပညာကောလိပ်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က မြိတ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားရှိသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ တက်ရောက်လျက်ရှိသော ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမ အင်အားတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြိတ်မြို့အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံ ကျောင်းအုပ်ဒေါ်ခင်မြမြဇင်၊ မြိတ်မြို့အစိုးရနည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နုနုဆွေတို့က ကောလိပ်အလိုက် သင်ကြားရေးနှင့် စီမံရေးရာကိစ္စများကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်မှ အဏ္ဏဝါသိပ္ပံဌာန ဌာနမှူး ဒေါက်တာဌေးအောင်က မြိတ်တက္ကသိုလ်တွင် သင်ကြားပေးလျက်ရှိသည့် အဏ္ဏဝါသိပ္ပံဘာသာရပ်နှင့် မြိတ်ကျွန်းစုရှိ ကျွန်းများ၏ လေ့လာမှတ်သားဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က အဏ္ဏဝါသိပ္ပံသင်ကြားပေးနိုင်သည့် တက္ကသိုလ်များအနက် မြိတ်တက္ကသိုလ်သည် အရှေ့တောင်အာရှ၌ အလားအလာအကောင်းဆုံးသော အနေအထားတွင် ရှိနေပါကြောင်းနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အဏ္ဏဝါသိပ္ပံဆိုင်ရာ သင်ကြားရေးနှင့် သုတေသနဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်တို့၏ လက်ရှိအခြေအနေများနှင့် အဆင့်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လူ့အရင်းအမြစ်များမွေးထုတ်ရေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရည်အသွေးရှိသည့် လူ့အရင်းအမြစ်များမှာ မရှိမဖြစ်လိုအပ်ကြောင်း၊ ပြည်နယ်၊ တိုင်း နယ်မြေဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု၌ရော၊ လူ့အရင်းအမြစ်များမွေးထုတ်ရေး၌ပါ ဆူကြိုနိမ့်မြင့် ကွာဟမှုမရှိစေရေးအတွက် ယခုကဲ့သို့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကို ထူထောင်ပေးထားခြင်းဖြစ်ကြောင်း။

နိုင်ငံတကာ၏အခြေအနေကိုကြည့်ပါက အရှိန်အဟုန်ဖြင့် မြန်မြန်ဆန်ဆန်ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အားထည့်ကျော်လွှား

ယင်းသို့ပြောင်းလဲတိုးတက်နေသည့် အရှိန်အဟုန်နှင့်အညီ အဆင့်အတန်းရှိရှိ အမီလိုက်နိုင်ရန် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်လှမ်းချင်းလိုက်နေ၍ မဖြစ်နိုင်ဘဲ ရှေ့ကို အားထည့်ကျော်လွှား၍ လိုက်ရမှာဖြစ်ကြောင်း၊ သူများခြေတစ်လှမ်းလှမ်းပါက မိမိတို့က လေး၊ ငါး၊ ဆယ်လှမ်း လှမ်းနိုင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ယင်းသို့ မြန်မြန်ဆန်ဆန်ထူထောင်လုပ်ကိုင်သည့်အခါ မိမိတို့၏ လူ့အရင်းအမြစ်များသည် အရည်အချင်း၊ အရည်အသွေးပြည့်မီသော လူ့အရင်းအမြစ်များဖြစ်လာရန် အထူးအရေးကြီးကြောင်း။

အရည်အချင်း အဆင့်အတန်းမီသည့် ပညာတတ်များ၊ အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် အရည်အချင်းပြည့်ဝသည့် ဆရာများရှိရန်လိုအပ်သကဲ့သို့ နိုင်ငံတကာတွင် သင်ကြားလျက်ရှိသည့် သင်ရိုးဇယားများနှင့်အညီ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးနိုင်ရန် လိုအပ်ကြောင်း။

ထို့ပြင် တက္ကသိုလ်၊ ကောလိပ်များ၌ လိုအပ်သည့် ခေတ်မီသင်ကြားမှုအထောက်အကူပြုပစ္စည်းများလည်း ပြည့်ပြည့်စုံစုံရှိရမှာဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက ဆရာ ဆရာမများ အရည်အချင်းပြည့်ဝရေးအတွက် ပြည်တွင်းပြည်ပ လေ့လာသင်ကြားမှုအစီအစဉ်များနှင့် ခေတ်မီသင်ထောက်ကူပစ္စည်းများကို ဖြည့်ဆည်းခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စေတနာထား

ဆရာ ဆရာမများအပိုင်းကလည်း နိုင်ငံတော်၏လိုအပ်ချက်နှင့် စေတနာကိုနားလည်ပြီး မိမိတို့၏တပည့်များကို အမှန်တကယ်တတ်မြောက်အောင်မြင်ပြီး နိုင်ငံတော်ကိုအကျိုးပြုမည့်၊ နိုင်ငံတော်ကိုတည်ဆောက်နိုင်မည့် အရည်အချင်းရှိသော လူ့အရင်းအမြစ်များဖြစ်လာအောင် စေတနာထား၍ သင်ကြားပေးကြရန်လိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် ကိုယ်တိုင်လည်း အရည်အချင်း ပိုမိုပြည့်မီသည်ထက်ပြည့်မီအောင် ကြိုးစားဖြည့်ဆည်းနေရမှာလည်းဖြစ်ကြောင်း၊ အရည်အချင်းရှိသူများကသာ အရည်အချင်းရှိသူများကို မွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း။

ရေရှည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက် ထက်မြက်သော လူ့အရင်းအမြစ်များရှိမှ ဖြစ်မှာဖြစ်ကြောင်း၊ ကမ္ဘာပေါ်၌ လူ့အရင်းအမြစ်ပြည့်စုံသည့် နိုင်ငံများသည်သာ ရေရှည်တိုးတက်သွားခဲ့သည့် သာဓကများကို မိမိတို့ တွေ့ရှိခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို စီစဉ်ပေးသင့်ကြောင်း၊ ကျောင်းသားများအတွက် တက္ကသိုလ်ချင်း၊ ကောလိပ်ချင်း ဘာသာရပ်အလိုက် ပညာရည်ပြိုင်ပွဲများ ကျင်းပ၍ ပညာရည်ချွန်ဆုများ ချီးမြှင့်သည့် အစီအမံများကို အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်းဖြင့် ရင်းနှီးစွာ မှာကြားလမ်းညွှန်သည်။

ကျွဲကူး-ကျောက်ဖျာတံတားစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ၂၆-၁၀-၂၀၀၃ ရက်တွင် ဖွင့်လှစ်ပြီးဖြစ်သည့် ပေ၃၆၀၀ကျော်အရှည်ရှိသော ကျွဲကူး-ကျောက်ဖျာ တံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကျောက်ဖျာဘက်ကမ်း၌ တံတားကြီးနှင့် ပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုကြပြီး စုပေါင်း၍ ဓာတ်ပုံရိုက်သည်။

စာမျက်နှာ ၈ ကော်လံ ၁

ယနေ့ထုတ်ခေါင်းရေ – ၁၉၈၅၉၄

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စာမျက်နှာ ၇ မှ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြိတ်ဒေသရှိ ရော်ဘာခြံများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ် တက္ကသိုလ်သို့ ရောက်ရှိကြရာ စောင့်ကြိုနေသော ခေတ္တ ဒုတိယပါမောက္ခချုပ်

ထို့ပြင်ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို ရည်မှန်းထားသည့်အတိုင်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်း ရှိမရှိ အမြဲဆန်းစစ်သုံးသပ်နေရန်လည်းလိုအပ်ကြောင်း၊ ထို့ပြင် လူနာများအား ထိတွေ့ဆက်ဆံရာ၌ အားနည်းချက်များရှိပါကလည်း အချိန်မီ ပြုပြင်သွားနိုင်ကြရမည်ဖြစ်ကြောင်း။

လူတိုင်းလူတိုင်းသည် မိမိအသက်ကို မြတ်နိုးတတ်မြဲဖြစ်ရာ ပြည်သူများ သက်တမ်းစေ့စေ့ အနာရောဂါကင်းကင်း စိတ်ချမ်းမြေ့စွာနေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက စေတနာထားပြီး ထိထိရောက်ရောက် ကူညီ

လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ပုလဲမွေးမြူရေးလုပ်ငန်းမှာတနင်္သာရီတိုင်း၏အားထားရသောအလားအလာရှိသည့် စီးပွားရေးလုပ်ငန်းဖြစ် တိုင်းအတွင်းရှိမြေသယံဇာတအပြည့်အဝအသုံးချ၍ဒေသဆန်ဖူလုံရေးစပါးတိုးချဲ့စိုက်ပျိုး

ဒေါ်စန်းရီနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများ၊ နည်းပြများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် မြိတ် တက္ကသိုလ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မြိတ်ဆေးရုံစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းလွင်နှင့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ အား ဝန်ကြီး ဒေါက်တာကျော်မြင့်က ခုတင်(၂၀၀)ဆံ့ မြိတ်မြို့အထွေထွေ ရောဂါကုဆေးရုံကြီးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းထူထောင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တနင်္သာရီတိုင်း၌ မြိတ် ခုတင်(၂၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီး၊ ထားဝယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး နှင့် ကော့သောင်း ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးတို့ကိုလည်းကောင်း၊ အခြား ဆေးရုံနှင့် ဆေးပေးခန်းများကိုလည်းကောင်း လိုအပ်သလိုတိုးချဲ့ခြင်း၊ အဆင့် မြှင့်ခြင်းတို့ဖြင့် ခွင့်ပြုဖြည့်ဆည်းထူထောင်ပေးပြီးဖြစ်ကြောင်း။

ယခင်က ရောဂါဖြစ်ပွားလျှင် ရန်ကုန်မြို့ရှိ ဆေးရုံကြီးများသို့ ကြိုးစား ပမ်းစားသွားရောက်၍ ဆေးကုသကြရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် ဒေသအလိုက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို မြင့်မြင့်မားမား ဖြည့်ဆည်းပေးနိုင်ရေးအတွက် အထူးကုဆေးရုံကြီးများကို ယခုကဲ့သို့ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်နိုင်နင်းနင်း ဆောင်ရွက် နိုင်ရန် ဆေးရုံ၊ ဆေးပေးခန်းများတိုးချဲ့ဖွင့်လှစ်ရုံသာမက ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေး ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်နှင့်ကျောင်းများ ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးအဆင့်မြင့်မား

နိုင်ငံတော်အစိုးရ၏ ယခုကဲ့သို့ ဆောင်ရွက်ပေးထားမှုများကို အခြေခံ၍ ကျန်းမာရေး ဝန်ထမ်းအဆင့်ဆင့်အနေဖြင့် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ရောဂါကုသခြင်းလုပ်ငန်းများကို တာဝန်သိသိ ဟန်ချက် ညီညီ ပေါင်းစပ်လုပ်ကိုင်သွားနိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ အမျိုးသား ကျန်းမာရေး အဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း။

စောင့်ရှောက်မှုပေးသွားရန် အရေးကြီးကြောင်းမှာကြားပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်း ရောဂါကုဌာန၊ ပြင်ပလူနာဌာန၊ သွေးလှူဘဏ်၊ တီဗွီဓာတ်မှန်ခန်းတို့ ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဝင်များ၊ တိုင်းအဆင့်ဌာန ဆိုင်ရာများ၊ မြိတ်ခရိုင်နှင့် မြိတ်မြို့ နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ သည်။

တွေ့ဆုံပွဲတွင်ရှေးဦးစွာတနင်္သာရီ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ် အုန်းမြင့်က တနင်္သာရီတိုင်း ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ၊ တိုင်း အတွင်းရှိကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များ၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှုများ၊ တိုင်းအတွင်းရှိ အသားတင်စိုက်ပျိုး မြေအနက် စပါးစိုက်မြေဧရိယာနှင့် ဒေသဆန်ဖူလုံမှုအနေအထား၊ ဆီ အုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးမှုများ၊ ဆီအုန်း ဆီကြိတ်စက်ရုံ ၁၂ရုံတည်ဆောက်နေမှု အခြေအနေ များ၊ သတ္တုကဏ္ဍ၊ သားငါးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူတစ်ဦးချင်းဝင်ငွေအခြေအနေများ၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အားထုတ်ကြိုးပမ်း

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီးဦးစိုးသာက နိုင်ငံတော်၏ စီးပွားရေးနှင့် အသားတင်ထုတ်လုပ်မှု ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တစ်နိုင်ငံလုံး၏ စီးပွားရေးတွင် တနင်္သာရီ တိုင်း၏ပါဝင်မှု အချိုးအစားနှင့် တိုးတက်ဖွံ့ဖြိုးမှုအခြေအနေ၊ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေ၊ စီးပွားရေး ကဏ္ဍများအနက် အားထုတ်ကြိုးပမ်းရန်လိုအပ်နေသည့် စီးပွားရေးကဏ္ဍများကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းသည် တိုင်းအတွင်းတည်ရှိသည့် သဘာဝသယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် ကိုင်တွယ်အသုံးချနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် အားထားရမည့် တိုင်းကြီးတစ်တိုင်းဖြစ်လာမှာဖြစ်ကြောင်း။

တနင်္သာရီတိုင်း၌ မြေသယံဇာတ၊ ရေသယံဇာတနှင့် ပင်လယ်ပြင်သယံဇာတများပေါကြွယ်ဝကြောင်း၊ ပင်လယ်ပြင် ငါးပုစွန်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုနိုင်ကြောင်း။

သတ္တုများရှာဖွေဖော်ထုတ်

ထို့ပြင် ပုလဲမွေးမြူရေးလုပ်ငန်းမှာလည်း တနင်္သာရီတိုင်း၏ အားထားရသော အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်ကြောင်း၊ ပင်လယ်ပြင်၌သာမက ကုန်းတွင်းပိုင်း၌လည်း သတ္တုများစွာရှာဖွေဖော်ထုတ်ရရှိနိုင်သေးကြောင်း။

မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ စပါးကိုတိုးချဲ့စိုက်ပျိုးမည်ဆိုပါက ဆန်လိုဒေသဖြစ်သည့် တနင်္သာရီတိုင်းသည် ဒေသဆန်ဖူလုံခိုင်မာသွားမှာဖြစ်ကြောင်း၊ ထို့ပြင် ဆီအုန်းနှင့်ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေသယံဇာတများစွာ ကျန်ရှိနေရာ ဖိဖိစီးစီး တိုးချဲ့စိုက်မည်ဆိုပါက ပြည်ပသို့ပင် ထိထိမိမိ တင်ပို့ရောင်းချသွားနိုင်ကြောင်း၊ အလားတူပင် နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ငရုတ်ကောင်းပင်သည်လည်း ဤဒေသ၌ လွယ်လင့်တကူ ဖြစ်ထွန်းနိုင်ကြောင်း။

ထို့ကြောင့် တနင်္သာရီတိုင်း၌တည်ရှိနေသော သဘာဝသယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ပါက ဒေသဖူလုံရေးနှင့် သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကျွန်းရတနာခန်းမ၌ ကျွန်းစုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တိုက်တွန်းမှာကြား

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက တပ်မတော်အစိုးရလက်ထက်၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ညီညွတ်စွာ ပူးပေါင်းအားထုတ်အကောင်အထည်ဖော်နိုင်မှုကြောင့် နိုင်ငံတော်တစ်ရပ်လုံး ကဏ္ဍအလိုက် ဘက်စုံတိုးတက်လာသကဲ့သို့ တနင်္သာရီတိုင်းသည်လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း နှိုင်းယှဉ်ရှင်းလင်းပြောကြားပြီး ဒေသဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် အားထည့်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့သို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကျွဲကူး-ကျောက်ဖျာတံတားတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိရောက်စွာအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

ညီညီညွတ်ညွတ်အလုပ်လုပ်

တနင်္သာရီတိုင်း၏ လူတစ်ဦးချင်းဝင်ငွေမှာလည်း ယခုထက် သိသိသာသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများကို မှန်ကန်စွာနားလည်သုံးသပ်ပြီး ကြိုးကြိုးစားစား ပူးပေါင်းအားထည့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည်ဆိုလျှင် တနင်္သာရီတိုင်းသည် ချမ်းသာကြွယ်ဝသော တိုင်း၊ နိုင်ငံတော်ကအားထားရသော တိုင်းဖြစ်လာမှာ သေချာကြောင်း၊ ညီညီညွတ်ညွတ် စုစုစည်းစည်း တကယ်အလုပ်လုပ်ကြရန် လိုကြောင်း။

တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်စေလိုသည့် စေတနာဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းထူထောင်ပေးထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဝေးလံခေါင်သီသည့်ဒေသဟူ၍ ပစ်မထားဘဲ ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့်စေတနာဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဘဏ္ဍာငွေကြေးများစွာ အကုန်အကျခံ၍ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ကြိုးပမ်းတည်ဆောက်

နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး အလုပ်ဖြင့် တုံ့ပြန်နိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲ၍ ဒေသဖူလုံရေး၊ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ကိုလည်းကောင်း၊ မြိတ်ငါးပုစွန်စက်ရုံနယ်မြေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့မှ ကျွန်းစုမြို့သို့ရောက်ရှိကြပြီး ကျွန်းစုမြို့နယ် အေးချမ်း

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ဝင်ရောက်ပြီး ဆရာဝန် ဆရာမများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျွန်းစုမြို့နယ်တွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒါထက်တောင်ပိုသေး

အဘိုး – လာဟေ့ မောင်ကာဠု၊ ငါက မင်းကိုမျှော်နေတာ။

မောင်ကာဠု– ကျွန်တော်ကလဲ အဘိုးကိုတွေ့ချင်နေတာပါ။ တလောက သတင်းစာတွေမှာ၊ ရုပ်မြင်သံကြားမှာ၊ ရေဒီယိုမှာ လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးတွေ၊ ပြည်ထောင်စုနေ့အကြိုကြိုဆိုဂုဏ်ပြုတဲ့ဆောင်ပါးတွေ၊ အစီအစဉ်တွေမြိုင်မြိုင်ဆိုင်ဆိုင်ပဲ။ အဘိုးကော ဖတ်ဖြစ်သေးလား။

ဘိုး – ဖတ်ပါသော်ကောကွာ၊ ကိုယ့်နိုင်ငံရဲ့အကြောင်း၊ ကိုယ့်နိုင်ငံရဲ့သတင်း၊ ကိုယ့်နိုင်ငံရဲ့အဖြစ်မှန်တွေ တို့အားလုံးသိထားရမှာပေါ့ကွယ်။ အဲဒီလို များများသိထားလေ အမျိုးသားရေးကိုယ်ခံအားကောင်းလေပဲ။ အဲဒီလိုမလုပ်ထားရင် ဘေးက သပ်လျှိုသမျှ၊ ခြေထိုးသမျှ၊ ခြေရှုပ်သမျှ တို့အဟုတ်ထင်၊ အမှန်ထင်ပြီး တလွဲတချော် လုပ်မိကိုင်မိကြမှာပေါ့။ အဲဒီလို ပြည်တွင်းပြည်ပက မသမာတဲ့ ထောင်ချောက်ထဲ တိုးမဝင်မိဖို့တော့ ကိုယ့်နိုင်ငံအကြောင်း၊ သမိုင်းကအစအားလုံးအမှန်အတိုင်းသိထားနေရမယ်။

ဠု – ဟုတ်တယ်အဘိုးရဲ့၊ လွတ်လပ်ရေးနေ့ ကာလတစ်လျှောက်၊ ပြည်ထောင်စုနေ့သမယတစ်လျှောက်အဲဒီနေ့ထူးနေ့မြတ်တွေရဲ့သမိုင်းနောက်ခံ၊ အဲဒီ နေ့ထူးနေ့မြတ်တွေ အောင်မြင်ဖြစ်ထွန်းအောင် တိုင်းရင်းသားစုံ မြန်မာမျိုးချစ်တွေ၊ ပြည်သူတွေ ဘယ်လို အသက်သွေးချွေးရင်းပြီး ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်တော်တို့ သတိပြန်ရနေကြရမှာပေါ့။

ဘိုး – အေး––– နိုင်ငံတစ်ခုဟာ နယ်ချဲ့သမားရဲ့ လောဘကွန်ရက်ထဲရောက်သွားပြီဆိုရင် ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းခံရမယ်။ အဲဒီနိုင်ငံမှာရှိတဲ့ သယံဇာတတွေ၊ ထွက်ကုန်သီးနှံတွေ ဓားပြတိုက်သလို လုယက်ယူငင်တာခံရမယ်။ တို့နိုင်ငံလဲ ဒီလိုပဲလေ၊ နယ်ချဲ့အောက် ရောက်တာနဲ့ စတီးဘရားသားတို့၊ ဘူလင်ဂျာပူးလ်တို့လို မျက်နှာဖြူကုမ္ပဏီတွေက ဆန်၊ စပါး၊ ပဲပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးသီးနှံ အကုန်သိမ်းကျုံး ထုတ်ယူသွားတာပဲ။ ဘုံဘေဘားမားက သစ်မှန်သမျှ၊ ဘားမားကော်ပိုရေးရှင်းက ဓာတ်သတ္တုမှန်သမျှ၊ ဘီအိုစီက ရေနံမှန်သမျှ လက်ဝါးကြီးအုပ်၊ ချုပ်ကိုင် အမြတ်ထုတ်ယူသွားတော့ တို့ဆီက ပြည်သူတွေ၊ အလုပ်သမားတွေ၊ တောင်သူလယ်သမားတွေ လူလုံးလုလုမနေခဲ့ကြရဘူးပေါ့ကွာ။ ဒါမျိုး တို့နိုင်ငံမှာ နောက်ထပ် အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် တို့ဟာတို့ရဲ့အချုပ်အခြာအာဏာဆိုတဲ့ လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရအောင် တို့စုပေါင်းကာကွယ်ထိန်းသိမ်းရမှာပေါ့။

ဠု – ကျွန်တော်တို့ လွတ်လပ်ရေးဟာ တိုင်းရင်းသားလူမျိုးစုံ တိုက်ယူခဲ့ရတဲ့ လွတ်လပ်ရေးဖြစ်သလို အဲဒီ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး အထွတ်အမြတ်ထားရမယ့် လွတ်လပ်ရေးကို ကျွန်တော်တို့ကာကွယ်ရမှာပေါ့။

ဘိုး – ဒါကြောင့် လွတ်လပ်ရေးအကြိုကာလမှာကတည်းက မီဒီယာတွေကနေ တင်ပြနှိုးဆော်နေရတာပေါ့။ မင်းလဲသိနေတာပဲ၊ တို့ရဲ့လွတ်လပ်ရေးကို ထိပါးနှောင့်ယှက်ဖို့ ကိုလိုနီလက်သစ်ဝါဒီတွေနဲ့ ပုဆိန်ရိုးတွေ လက်ဝါးချင်းရိုက် လှုပ်ရှားနေကြတာ။

ဠု – သိပါတယ်၊ ပြည်ထောင်စု ပြိုကွဲရာပြိုကွဲကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရာပြိုကွဲကြောင်း နဲ့နေကြတာလဲ သတိပြုမိပါတယ်။ ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါးတွေမှာ ရေးကြသလိုပဲ ပြည်ထောင်စုကြီးတစ်ခုလုံးရဲ့ လွတ်လပ်ရေးကို ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ စုပေါင်းရယူဖို့ သန္နိဋ္ဌာန်ချခဲ့တဲ့ ပင်လုံညီလာခံအကြောင်းကလဲ ကျွန်တော်တို့မေ့လို့မဖြစ်ဘူး။

ဘိုး – အေးပေါ့ကွ၊ နယ်ချဲ့သမားက သိမ်းတုန်းက တို့မြန်မာတစ်နိုင်ငံလုံးကို ဘယ်အပိုင်းမှ ကွက်ချန်မပေးခဲ့ဘဲ အကုန်သိမ်းခဲ့တာ။ လွတ်လပ်ရေးပြန်ပေးခါနီးမှ ဟိုအပိုင်းဖဲ့ပေး၊ ဒီအပိုင်းချန်ထား လုပ်လာတာ။ မြေပြန့်ကိုလွတ်လပ်ရေးပေးမယ်၊ တောင်ပေါ်ဒေသတိုင်းရင်းသားဒေသတွေကို လွတ်လပ်ရေး မပေးသေးဘူး။ သူတို့ကျွန်သပေါက်အဖြစ် ဆက်ထားမယ်။ တိုင်းရင်းသားတွေက ကိုယ်ပိုင်အုပ်ချုပ်နိုင်တဲ့ အရည်အချင်းမရှိဘူး။ လွတ်လပ်ရေးနဲ့ မတန်သေးဘူးလို့ ဗြိတိသျှ နယ်ချဲ့အစိုးရပါးစပ်က စော်စော်ကားကားပြောခဲ့တာကွ။ ဒါကို တို့တိုင်းရင်းသားစုံ ခေါင်းဆောင်တွေက လက်မခံနိုင်ကြောင်း ပင်လုံညီလာခံမှာ တင်ပြပြောဆိုပြီး လွတ်လပ်တဲ့ မြန်မာပြည်ထောင်စုကြီးကို တည်ထောင်ယူခဲ့ကြတာပဲ။ နယ်ချဲ့သမားတို့ နှစ်ပေါင်း ၁၀၀ကျော် သွေးခွဲခဲ့တဲ့ မြန်မာ တိုင်းရင်းသားတွေဟာ ဘယ်လောက် သွေးခွဲပေစေ၊ သွေးမကွဲဘူး။ အရေးကြီးရင် သွေးစည်းတယ်ဆိုတာ ပင်လုံမှာပြလိုက်ကြတော့ နယ်ချဲ့သမားတို့ ပက်လက်လန်သွားတော့တာပဲ။

ဠု – ဟုတ်တယ်အဘိုး၊ မြန်မာတို့ရဲ့ လွတ်လပ်ရေးစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်တွေကို ပေါင်းလိုက်ရင် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်လာတာပဲ။ အဲဒီ ပြည်ထောင်စုစိတ်ဓာတ်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေ ပိုမိုစည်းလုံးညီညွတ်ခဲ့ကြတယ်။

ဘိုး – အဲဒီ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာအားကောင်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြံ့ခိုင်မှုကြောင့် တို့လွတ်လပ်ရေးရခဲ့ပြီး လွတ်လပ်တဲ့ မြန်မာနိုင်ငံဟာ အမှန်တော့ ကိုယ့်နိုင်ငံမှာရှိပြီး၊ ပိုင်ပြီးဖြစ်တဲ့ ရေမြေသြဇာကောင်းတွေ၊ သစ်တောကြီးတွေ၊ လယ်ခင်းယာခင်း စိုက်ခင်းတွေ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ အရင်းအမြစ်တွေကို စုပေါင်းထုတ်ယူအသုံးချပြီး တို့ရဲ့လွတ်လပ်ရေးအရသာ ပြည့်ပြည့်ဝဝခံစားကြည့်ရုံ ရှိတော့တာပေါ့။ ဒါပေမယ့် ပြည်ပကသွေးခွဲ၊ ပြည်တွင်းက ပယောဂစွဲတွေကြောင့် တို့နိုင်ငံ ရာစုနှစ်တစ်ခုရဲ့ တစ်ဝက်နီးနီး နှစ်ပေါင်းလေးဆယ်ကျော်၊ ငါးဆယ်နီးနီးပေါ့ကွာ ပြည်သူ့မျက်နှာ၊ လွတ်လပ်ရေးမျက်နှာ မထောက်သူတွေကြောင့် ဖွံ့ဖြိုးတိုးတက်ရမယ့် အချိန်တွေ ကုန်ခဲ့ရတယ်။ အခုဘာကြာသေးလို့လဲ ၁၅နှစ်၁၆နှစ်လောက်အတွင်း ကိုင်း–မင်းပြောစမ်းမောင်ကာဠု၊ ဘာတွေတိုးတက်ပြောင်းလဲခဲ့သလဲ–––။

ဠု – အတိုချုပ်ကတော့ အဘိုးရယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ တရားဥပဒေဘောင်အတွင်း ပြန်ဝင်လာလို့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသွားပြီ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုအားကောင်းခိုင်မာစွာ တည်ဆောက်အားဖြည့်နိုင်ပြီ။ ဒီတော့ နိုင်ငံတော်ရဲ့ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေဟာ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်၊ သယံဇာတအရင်းအမြစ် အလျှံပယ်တို့ ပေါင်းစပ်ပြီး တိုင်းရင်းသားစုံခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအင်နဲ့ ကြိုးစားခဲ့ကြတာ အခု ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ နတ်ရေကန်ထဲချလိုက်သလိုပဲ နေ့ချင်းညချင်းတိုးတက်လာတာ အားလုံးအမြင်အတွေ့ပဲလေ အဘိုးရယ်။

ဘိုး – အေးလေ–ဒါတွေကငြင်းလို့မရဘူး။ ၁၉၈၈ခုနှစ် တိုင်းဆူပြည်ပျက်ဆူပူမှုကြီးကြောင့် နိုင်ငံတစ်ခုလုံး ကသောင်းကနင်းဖြစ်ခဲ့ရတယ်။ လမ်းပန်းအဆက်အသွယ်တွေပြတ်၊ ကုန်စည်စီးဆင်းမှုတွေရပ်၊ ခေါင်းတွေဖြတ်၊ ဂိုဒေါင်တွေ၊ စက်ရုံတွေ ဖျက်၊ လု၊ မင်းမဲ့စရိုက်နဲ့ သောင်းကျန်းခဲ့ကြတာ ဥပဒေစိုးမိုးမှု ဘယ်သွားရှိတော့လို့လဲ။ သူတစ်လူ ငါတစ်မင်း အနိုင်ကျင့်ကြနဲ့ ပြည်သူတွေအိမ်တံခါးပိတ်ပြီး ငြိမ်ကုပ်နေခဲ့ကြရတယ်။ အဲဒီ အခြေအနေဆိုးက လွန်မြောက်ပြီး ရပ်ရွာအေးချမ်းလုံခြုံအောင်၊ ဥပဒေစိုးမိုးအောင်၊ ကုန်စည်စီးဆင်းမှုတွေ ပုံမှန်ပြန်ဖြစ်လာအောင် တပ်မတော်က ၁၈–၉–၈၈ရက်နေ့ကစပြီး ကျားကုတ်ကျားခဲ လုပ်ခဲ့ရတယ်။

မောင်ကာဠု

ဠု – ဟုတ်တယ်ခင်ဗျာ၊ နိုင်ငံတော် တည်ငြိမ်အောင် အရင်လုပ်၊ ပြည်သူတွေ လုပ်ငန်းကိုင်ငန်း အသက်မွေးဝမ်းကျောင်းမှုတွေ၊ လုပ်ငန်းတွေ ပုံမှန်ဖြစ်အောင် မနည်းလုပ်ပေးခဲ့ရတယ်။ မကြာခင် တည်ငြိမ်လာတယ်။ တောတွင်းလက်နက်ကိုင် အဖွဲ့တွေ တရားဥပဒေဘောင်အတွင်း ပြန်ဝင်လာတယ်။ ဒီတော့ ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်နော် အဘိုး။

ဘိုး – မှန်သပေါ့ မောင်ကာဠုရယ်၊တည်ငြိမ်မှု၊ဖွံ့ဖြိုးမှုတွေ တည်ဆောက်ရယူရင်း ရရှိပြီးသား ငြိမ်းချမ်းရေးကို ရာနှုန်းပြည့်က ရာနှုန်းလျှံအောင် ဆက်လက်ကြိုးပမ်းရင်း၊ နိုင်ငံစီးပွားရေး ပိုမိုတိုးတက်အောင် ကြိုးပမ်းရင်း အခု တို့နိုင်ငံဟာ ရှေ့တစ်ဆင့်တက်လှမ်းလိုက်ပြန်ပြီပေါ့ကွယ်။

ဠု – ရှေ့တစ်ဆင့်ဆိုတာ ဘာလဲအဘိုး။

ဘိုး – မင်းလဲ လည်သလိုလိုနဲ့ တော်တော်ကို အ,သေးတာပဲ။ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လမ်းပြမြေပုံလေကွာ၊ Road Map ပေါ့။ အဲဒီအတွက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ရှေ့ဆက်သွားမယ့် လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ပေးထားပြီလေ။

ဠု – အမျိုးသားညီလာခံကြီး ရပ်နားထားရာက ဆက်လက်ကျင်းပမယ်၊ ဒီမိုကရေစီအခင်းအကျင်း လိုအပ်တာတွေ အကောင်အထည်ဖော်မယ်၊ အမျိုးသားညီလာခံက ချမှတ်တဲ့အခြေခံမှုတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေကို အခြေပြုပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမယ်၊ အဲဒီအခြေခံဥပဒေအသစ်ကြီးကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုမယ်၊ အဲဒီနောက် အခြေခံဥပဒေနဲ့အညီ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကျင်းပမယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနဲ့ လွှတ်တော်အစည်းအဝေးကျင်းပမယ်၊ နိုင်ငံတော်အကြီးအကဲနဲ့ အစိုးရအဖွဲ့ကိုလွှတ်တော်က ရွေးကောက်တင်မြှောက်ကြမယ် ဟုတ်တယ်မဟုတ်လား အဘိုး။

ဘိုး – အေး– ဟုတ်တယ်၊ အဲဒီနောက်တော့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို အပြီးတိုင်အချောကိုင် တည်ဆောက်သွားကြမယ်ပေါ့။ ဒီ Road Map ရှေ့လုပ်ငန်းစဉ်(၇)ရပ်က လူသာခုခေါ်၊ နတ်သာခုခေါ်ရမယ့်လမ်းစဉ်ဟေ့။ ပြည်ထောင်စုသား အားလုံးက တစ်ခဲနက်ထောက်ခံတဲ့လမ်းစဉ် (၇)ရပ်လဲ ဖြစ်တယ်။ အာဆီယံနိုင်ငံအားလုံး၊ အိမ်နီးချင်းဒေသတွင်း နိုင်ငံအားလုံးကလဲ လိုလိုလားလားထောက်ခံထားကြတဲ့အတွက် ဟိုတုန်းက ရာဇဝင်ထဲက စကားလုံးယူသုံးရရင်တော့ ထီးလိုမင်းလို Road Map ဒီမိုကရေစီလမ်းပြမြေပုံပေါ့ကွာ။ ခေတ်စကားနဲ့ ပြောရရင်တော့ ပြည်တွင်းပြည်ပအဖျက်သမားလက်တစ်ဆုပ်စာကလွဲပြီးမြန်မာတစ်ပြည်လုံးကကြိုက်၊ တစ်ကမ္ဘာလုံးကကြိုက်တဲ့ လမ်းပြမြေပုံပေါ့။

ဠု – အဘိုးပြောတဲ့ ပြည်တွင်းပြည်ပအဖျက်သမား ဆိုသူတွေကတော့ စကားထဲတောင် ထည့်ပြောဖို့ မလိုတော့တဲ့ ဟာတွေပါဗျာ။ သူတို့ကတော့ သူတို့ရဲ့မသမာတဲ့ ပင်ကိုစိတ်ဓာတ်ကို မဖုံးနိုင်၊ မဖိနိုင် ငါ့စကားနွားရ ချိုးပြောမိုးပြော ပြောနေတာပါ။ သူတို့က အဲဒီလို အဖျက်အမှောင့်စကားပြောလေ ပြည်သူက သူတို့ကို ပိုစက်ဆုပ်လေပါပဲ။

ဘိုး – အေးကွာ၊ ဝါဒဖြန့်ဖို့ အသံလွှင့်ဌာနတွေ၊ ရုပ်မြင်သံကြားတွေ၊ စာနယ်ဇင်းတွေကို နိုင်ငံတိုင်းမှာ ထားကြတာပါပဲ။ အေး–အများစုကတော့ ကိုယ့်နိုင်ငံရဲ့ ကြိုးပမ်းမှု၊ ဖြစ်ထွန်းမှုတွေကို အများသိအောင် ကြေညာကြတာပေါ့။ ရိုးရိုးသားသား ဝါဒဖြန့်ကြတာပေါ့။ တချို့ကတော့ ဒီလိုမဟုတ်ဘူးဟေ့၊ သူများနိုင်ငံပြည်တွင်းရေးတွေ သိက္ခာမဲ့ဝင်စွက်ဖို့၊ နိုင်ငံတကာမှာ သူတို့ဗိုလ်ကျစိုးမိုးဖို့ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ကြတာပဲ။

ဠု – ကျွန်တော်လဲ ကြားတယ်အဘိုး၊ ကျွန်တော်တို့ဆီမှာ ဆည်သစ်တွေ ၁၅၀ ကျော်၊ ပေ၁၈၀အထက်တံတား ၁၅၀ ကျော်၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာ ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေ တည်ဆောက်ဖြစ်ထွန်းလာတာကို မလိုအပ်တာတွေ လုပ်နေတယ်လို့ ပြောလိုပြော၊ ကုန်ဈေးနှုန်းကျတော့ ချမပေးနိုင်ဘူး၊ ဆန်ဈေးတွေ ကြီးလွန်းတယ် ပြောလိုပြော၊ ဟော– ဆန်ဈေးလဲကျရော၊ စပါးဈေးကျလို့ လယ်သမားတွေ ဒုက္ခရောက်ပြီ ပြောလိုပြော၊ အဲဒီပါးစပ်တွေကို ဘာနဲ့နှိုင်းရမလဲတောင် မသိတော့ပါဘူး အဘိုးရယ်။ အဖျက်ပါးစပ်၊ အကုသိုလ်ပါးစပ်တွေပါပဲ။

ဘိုး – မင်းပြောသလို ဆန်ဈေးမကျတော့ ကုန်ဈေးနှုန်းကြီးတယ်။ ဆန်ဈေးကျတော့ စပါးဈေးကျလို့ လယ်သမားတွေ ဒုက္ခရောက်ပြီဆိုတော့ သူတို့မို့ ပါးစပ်ကသိက္ခာမဲ့ပြောတတ်ပလေကွယ်။

ဠု – လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ငြိမ်းချမ်းရေးဆွေးနွေးဖို့၊ အပစ်အခတ်ရပ်စဲဖို့ အားထုတ်ပြီဆိုရင် အဲဒီပါးစပ်ပုပ်တွေက နှစ်ပေါင်းများစွာ တိုက်လာပြီး လွယ်လွယ်ဥပဒေဘောင်ဝင်တော့ မလို့လား၊ နှစ်ပေါင်း၅၀ လိုလားခဲ့တဲ့ ဆန္ဒကပြည့်သွားလို့လားဆိုတဲ့ မေးခွန်းတွေနဲ့ ငြိမ်းချမ်းရေးယူသွားမှာစိုးလို့ခါးအတင်းဆွဲထားတဲ့ လုပ်ရပ်မျိုးလုပ်၊ အဖျက်သဘောဆောင်တဲ့မေးခွန်းမျိုးမေးတာတွေ နားမဆံ့အောင် ကြားနေရတယ် အဘိုးရဲ့။

ဘိုး – အင်း– ငါတွေးကြည့်တယ်၊ သူတို့တစ်တွေ တို့နိုင်ငံကို ဝင်ရောက်စွက်ဖက်ဖို့၊ ချုပ်ကိုင်ခြယ်လှယ်ဖို့ သူတို့အားပြုနေတဲ့ ဥပဒေပြင်ပက အင်အားစုတွေလေ၊ ပြည်ပြေးတစ်စုလက်နက်ကိုင်ပြီး ဆက်သောင်းကျန်းနေလိုတဲ့ အုပ်စုတစ်စုတလေကို ဘယ်ငြိမ်းချမ်းရေးယူပြီး ဥပဒေနယ်ပယ်ထဲ ဘယ်ပြန်ဝင် သွားစေချင်ပါ့မလဲ။ အားလုံး ဥပဒေရင်ခွင်ထဲပြန်ရောက်သွားရင် အဲဒီနယ်ချဲ့အုပ်စု လက်ကိုင်အားပြုစရာ တောင်ဝှေးပျောက်ပြီး မှောက်ထိုးလဲသွားမှာပေါ့။

ဠု – အဘိုးပြောမှ သတိရတယ်။ တောတွင်းလက်နက်ကိုင်အဖွဲ့တွေ တဖွဲ့ဖွဲ့ ငြိမ်းချမ်းရေးယူတုန်းက သူတို့အနောက်ပါးစပ်တွေက ပြောတယ်လေ၊ ယာယီအပစ်အခတ် ရပ်ဆဲထားရုံပါပဲတဲ့။ မကြာခင် တောပြန်ခိုပါလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်တစ်ခွဲသားနဲ့ ပြောခဲ့ကြတယ်။ ငြိမ်းချမ်းရေးအဖွဲ့တွေက မိမိတို့ဒေသ၊ မိမိတို့တိုင်းရင်းသားများနဲ့ တစ်နိုင်ငံလုံးအေးချမ်းဖို့၊ တိုးတက်ဖို့ လက်တွေ့လုပ်လာကြတဲ့အခါ ဘာပြောပြန်သလဲ ဆိုတော့ အဲဒီ ငြိမ်းချမ်းရေးအဖွဲ့တွေက မူးယစ်ဆေးဝါးလုပ်ငန်းတွေ တွင်တွင်လုပ်နေသတဲ့။

ဘိုး – အခုလဲ တို့အလွန်မျှော်လင့်တန်ဖိုးထားနေတဲ့ ဒီမိုကရေစီလမ်းပြမြေပုံကို ပြည်ပြေးတစ်စုနဲ့ ဇာတ်တိုက်ပြီး ဆန့်ကျင်လွှင့်ထုတ်နေကြတယ်လေ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအဆန့်ကျင်ဆုံးနိုင်ငံ၊ လူ့အခွင့်အရေးအချိုးဖောက်ဆုံးနိုင်ငံ၊ ဘာသာရေးလွတ်လပ်ခွင့်အဆိတ်သုဉ်းဆုံးနိုင်ငံ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု အများဆုံးနိုင်ငံစတဲ့ အမနာပတွေ ပေါက်ပေါက်ရှာရှာ ကြံဖန်ပြောလာသံတွေ ပိုစိပ်လာတယ်။ အဲဒီ Road Map မှာ ဘယ်သူမပါရင် အလကားပဲ၊ ဘယ်သူတွေနဲ့သာ အမျိုးသားညီလာခံ လုပ်ရမယ်စတဲ့ သူတို့အလုပ်မဟုတ်တာတွေ နေ့စဉ်လေပုပ်ထုတ် ပြောနေကြပြန်တယ်။

ဠု – အဘိုးရယ်၊သူတို့ဝါသနာပါလို့ပြောနေကြတာပါ။ အတင်းအဖျင်းပြောတတ်တဲ့သူဟာ မပြောရရင်မနေနိုင်ဘူး။ နောက်ဆုံး ပြောစရာလူမရှိရင် သူတို့ကိုယ်သူတို့ မှန်ရှေ့ရပ်ပြီး ပြောတာမျိုး။ လိမ်မပြောရရင် မနေတတ်တဲ့သူဟာ နောက်ဆုံးသူများကို လိမ်စရာမရှိရင် ကိုယ့်ပေါင်ကိုယ်လိမ်ဆွဲပြီး ပြောတယ်ဆိုတဲ့ သူတွေပေါ့။

ဘိုး – အေးပါကွာ၊ သူတို့ဘာပြောပြော ပြည်သူ ၅၃ သန်းရှိတဲ့ မြန်မာနိုင်ငံမှာ ပြည်သူ ၅၃သန်းက လိုလားထောက်ခံထားတဲ့ လမ်းပြမြေပုံကို တို့ပြည်သူတွေက မဖြစ်မနေ အကောင်အထည်ဖော်သွားမှာပါ။ သူတို့ကလဲ သူတို့ရည်မှန်းထားတဲ့ သူများနိုင်ငံပြိုကွဲယိုင်လဲအောင် ဆက်လုပ်နေမှာပဲ။ ဒါက သူတို့အလုပ်လေ။ တို့မြန်မာတွေကလဲ ကိုယ့်ပြည်ထောင်စုကြီး ထာဝရတည်တံ့ လွတ်လပ်ရေး အစဉ်တည်မြဲ ဖွံ့ဖြိုးတိုးတက်မှုတွေ အဟုန်မြင့်သထက်မြင့် စည်းကမ်းကျနပြီး စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံသစ် အမြန်ဆုံးပေါ်ထွန်းအောင် မဆုတ်မနစ် ကြိုးစားအကောင်အထည်ဖော်သွားမှာပဲလေ။

ဠု – မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပုံစံကို မြန်မာတွေစိတ်ကြိုက် ရွေးချယ်အကောင်အထည်ဖော်ရမှာပေါ့ အဘိုးရယ်။ သူတို့အနောက်ကပြောတဲ့ ဒီမိုကရေစီပုံစံဆိုတာက စည်းလွတ်၊ ဝါးလွတ် သရုပ်ပျက်ဒီမိုကရေစီပုံစံပါ။ သူတို့နိုင်ငံမှာတောင် မကျင့်သုံးဘဲ၊ သူများနိုင်ငံကို အဆိပ်လုံးသကြားအုပ်ထားတဲ့ အန္တရာယ်ဒီမိုကရေစီသက်သက်ပါ။ ကျွန်စော်နံတဲ့ ဒီမိုကရေစီသက်သက်ပါ။ မယုံရင် အာဖဂန်နစ္စတန်ပြည်သူတွေရဲ့ ဒီကနေ့ခံစားနေရမှု၊ အီရတ်နိုင်ငံပြည်သူတွေ ခံစားနေရတဲ့ အနိဋ္ဌာရုံတွေကို ကြည့်ရင် သိနိုင်ပါတယ်။ အော်ဂလီဆန်၊ အော့ကြော့လန် ကျွန်စော်ကျွန်နံ့တထောင်းထောင်းနဲ့ ဒီမိုကရေစီပါခင်ဗျား။

ဘိုး – ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

ဠု – ဒါထက်တောင်ပိုသေး။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် အမ်းမြို့နှင့်ကျောက်ဖြူမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများ အကျိုးရှိရှိအသုံးချနိုင်ရေးတာဝန်ရှိသူများဦးဆောင် ရေနံတူးဖော်ရေးနှင့်ရေနက်ဆိပ်ကမ်းအလားအလာကောင်းများရှိ၍ ကြိုတင်တွက်ဆစီမံထားရန်မှာကြား

ရန်ကုန် မတ် ၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှတစ်ဆင့် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် ကျောက်ဖြူပညာရေးကောလိပ်သို့ ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်ခင်ဝေနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့သည် Computer Training Centre နှင့် Presentation Roomတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ကောလိပ်ခန်းမ၌ ဆရာ ဆရာမများကို တွေ့ဆုံရာ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်ခင်ဝေက ကျောက်ဖြူပညာရေးကောလိပ်၌ စာပေးစာယူသင်တန်း၊ ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပါအဝင် ပို့ချလျက်ရှိသော သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကောလိပ်အဆောင်သစ်တည်ဆောက်နေမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မှာကြားရာ၌ တစ်နိုင်ငံလုံးတွင် ကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းဆရာ ပြည့်စုံရေး၊ ဆရာများအရေအတွက်ရော အရည်အသွေးပါ ပြည့်စုံရေးအတွက် စီမံချက်ဖြင့်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံခုတင်(၁၀၀)သို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာထွန်းစံအောင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

စနစ်တကျဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခုတင်(၁၀၀) ဆံ့ ခရိုင်ဆေးရုံကြီးအဆင့်နှင့် လျော်ညီစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့နှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးတင့်က ကျောက်ဖြူခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ မြေယာအသုံးချမှု၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ စပါးစိုက်ဧက တိုးချဲ့ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဝမ်းစာဖူလုံမှုအခြေအနေ၊ အမယ်သစ်သီးနှံရေတ်ကောင်းစိုက်ပျိုးမှု၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံစိုက်ပျိုးမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်၊ လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေဆိပ်တံတား တည်ဆောက်ရေး၊ ကျောက်ဖြူမြို့ အော်တိုတယ်လီဖုန်း တပ်ဆင်ရေး၊ ရမ်းဗြဲမြို့နှင့် မာန်အောင်မြို့တို့တွင်

စာမျက်နှာ ၁၃ ကော်လံ ၁

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၉ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူပညာရေးကောလိပ် Computer Training Centre နှင့် Presentation Room တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မတ် ၁ ရက်က ရခိုင်ပြည်နယ်အမ်းမြို့နယ်ခုတင်(၁၀၀) ဆံ့ဆေးရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်

တနင်္သာရီတိုင်းတစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း



ရေသယံဇာတများ ပေါကြွယ်ဝလျက်ရှိသော တနင်္သာရီ ကမ်းရိုးတန်း မြန်မာ့ပင်လယ်ပြင်တွင် ဖမ်းယူ ရရှိနိုင်သည့် ဈေးကွက်ဝင် အရောင်ခုနစ်မျိုးပါ ကျောက်ပုစွန်။
(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ကော့သောင်းမြို့၏ မြို့လယ် လမ်းမကြီးကို သန့်ရှင်းသပ်ရပ်စွာ တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

ကမ္ဘာလှည့်ခရီးသည်တို့ စိတ်ဝင်စားစရာနေရာတစ်ခုဖြစ်သည့် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်ရှိ မောင်းမကန်ကမ်းခြေ၏အလှကို ဤသို့တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

ဆီအုန်းသီးများဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မြိတ်မြို့ Asia World ကုမ္ပဏီ ဆီအုန်းခြံမှ ဆီအုန်းပင်ကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

တနင်္သာရီတိုင်းကော့သောင်းမြို့နယ် ဆလုံကျွန်းပေါ်ရှိ ရှန်ဘဲလား ကုမ္ပဏီ၏ လင်းပိုင်မွေးမြူရေးစခန်းမှ ယဉ်ပါးလိမ္မာနေသော လင်းပိုင်ကိုတွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-ထွေးကြည်၊မြန်မာ့အလင်း)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့တွင် တည်ဆောက်ထားသော အရှည်ပေ ၆၈၀ ရှိ လေညှာ-မဏ္ဍိုင်တံတား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျောက်ဖြူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

မီးသတ်ယာဉ်များဖြည့်ဆည်းပေးရန် စီစဉ်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အတူ ဒေသတာဝန်ခံ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ လိုက်ပါလျက် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နှင့် ကျောက်ဖြူ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်နှင့် ပံ့ပိုးပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း။

ကျောက်ဖြူခရိုင်မှ တာဝန်ရှိသူများ၏ တင်ပြချက်စာရင်းဇယားများအရ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားကုန်ထုတ်လုပ်ငန်းများမှာ တိုးတက်သင့်သလောက် တိုးတက်မှုမရှိသည်ကို တွေ့ရှိရကြောင်း။

ရေလုပ်ငန်းများရပ်တန့်နေ

ကျောက်ဖြူခရိုင်သည် စီးပွားဖြစ်ထွန်းနိုင်သည့် ရေသယံဇာတအခြေခံကောင်းများ ရရှိပိုင်ဆိုင်ထားသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ ယခင်က ရေထွက်ပစ္စည်း ပေါကြွယ်ဝသည့် ပင်လယ်ပြင်မှ စီးပွားဖြစ်ရေလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအခါ ရပ်တန့်နေသည့် သဘောဖြစ်နေသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် စိုက်ပျိုးနိုင်သည့် မြေယာအများအပြား ရှိနေသော်လည်းစနစ်တကျ ဖော်ထုတ်စိုက်ပျိုးမှု အားနည်းမှုကြောင်း ဒေသဝမ်းစာဖူလုံမှုမရှိသေးသည်ကို တွေ့ရှိရကြောင်း။

ဤကဲ့သို့သော စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကောင်းများရှိနေပါလျက် ထိထိမိမိ အသုံးမချနိုင်သေးသည်ကို အကျိုးရှိရှိ အသုံးချလာစေရန် တာဝန်ရှိသူ ဌာနဆိုင်ရာများက ဦးဆောင်ဦးရွက်ပြုပြီး နည်းပညာ ပံ့ပိုးကူညီမှုများဖြင့် အားပေးကြရမှာဖြစ်ကြောင်း။

စံပြစိုက်ကွင်းများထူထောင်

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်လာစေရေးအတွက် စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ခြင်း၊ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေတိုးစေမည့် ပဲတီစိမ်း၊ မြေပဲနှင့် ဘီမုန်ညင်း ကဲ့သို့သော သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို မြို့နယ်အဆင့် တာဝန်ခံများက ဦးဆောင်ဦးရွက်ပြု စံပြစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြသပြီး နည်းပညာနှင့် လိုအပ်သောမျိုးများ ဖြန့်ဝေသွားကြရန်လိုကြောင်း။

မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာရေးအတွက်လည်း စံပြ ငါးပုစွန် မွေးမြူရေးကန်များ တူးဖော်ပြီး နမူနာပြ မွေးမြူပြသပေးကြရမှာဖြစ်ကြောင်း၊ စိုက်ပျိုးသူများ၊ မွေးမြူသူများအတွက် သိသိသာသာ အကျိုးဖြစ်ထွန်းမှုများ ရရှိခံစားနိုင်သည်ကို ယုံကြည်လက်ခံစိုက်ပျိုးမွေးမြူလာစေရန် နည်းပေးလမ်းပြ လုပ်ဆောင်ပြပေးခြင်းနှင့် လိုအပ်မှုများကို လမ်းညွှန်ပံ့ပိုးပေးသွားရန်လိုကြောင်း။

ထို့ပြင် ကျောက်ဖြူဒေသနှင့် ဆက်စပ်နေသည့် ပင်လယ်ပြင်တွင် သဘာဝ ဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိထားပြီးဖြစ်ရာ မကြာမီကာလတွင် ဤဒေသ၌ အခြေခံပြီး ရေနံတူးဖော်၊ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူသည့် လုပ်ငန်းများ ထွန်းကားလာမည့်အပြင် ဤဒေသတွင် ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေကောင်းများလည်းရှိနေသည်ဖြစ်ရာ ကျောက်ဖြူဒေသသည် အရေးပါသည့် ဒေသတစ်ခုဖြစ်လာနိုင်သည့် အလားအလာကောင်းများရှိနေသည့် အခြေအနေကို အသိပေးပြောကြားလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းစေမည့် အခြေအနေကောင်းများကို ကြိုတင်တွက်ဆစီမံပြုထားကြရန်လိုကြောင်း။

စေတနာထားကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည့် အချိန်အခါတွင် ပြည်သူများအပိုင်းကလည်း မိမိတို့၏ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေအောင် ဝီရိယ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာများကလည်း မိမိဒေသနှင့် မိမိပြည်သူများ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် ဝီရိယအားနှင့် စေတနာအားပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်ဖြူမြို့ အမှတ်(၁)အခြေခံပညာကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံကိုလည်းကောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အုန်းက ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ Computer Aided Instruction၊ Computer Application and e-mail၊ Video System၊ Electronic media (Languge Lab)၊ Reading Corner (Printed Media) ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် အမ်းမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် မတ် ၁ ရက် နံနက်ပိုင်းတွင် အမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် အမ်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြရာကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်မှူးလင်းဇော်ဦးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Application& e-mail၊ Computer Aided Instruction၊ Language Lab၊ Electronic Media(Video System)၊ Electronic Media (Audio System) ခန်းများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စာသင်ဆောင်သစ် တိုးချဲ့တည်ဆောက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမ်းမြို့ မြို့ပြစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမြင့်ဆွေက အမ်းမြို့ မြို့ပြစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အိမ်ကွက်များ ဖော်ထုတ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ပြုပြင်ဆောင်ရွက်ရန်များကို မှာကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က တည်ဆောက်ပြီး ဟင်းရွက်ရေလှောင်တမံမှ အမ်းမြို့ သောက်သုံးရေ ပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ အမ်းမြို့နယ်ခန်းမ တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမ်းမြို့နယ် ခုတင် (၁၀၀)ဆံ့ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်အောင်ချို၊ ဆေးရုံအုပ် ဒေါက်တာရဲညွန့်နှင့် ဆရာဝန်ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် လုပ်ငန်းခွင်၌ ဦးစီးအရာရှိပထမတန်း(စစ်ထောက်)ဒုတိယဗိုလ်မှူးကြီးခင်စိန်က အမ်းမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မဆောင်၊ ခွဲစိတ်ဆောင်၊ သားဖွားမီးယပ်ဆောင်၊ ကလေးလူနာဆောင်နှင့် ပြင်ပလူနာဆောင်များ တည်ဆောက်ပြီးစီးနေမှုအခြေအနေ၊ ခွဲစိတ်လူနာဆောင် တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဆေးရုံအုပ်ဒေါက်တာရဲညွန့်က အမ်းမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံသစ်ကြီး၌ ဆေးဝါးကုသရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေသော ခွဲစိတ်ဆောင်၊ ပြင်ပလူနာဆောင်၊ သားဖွားမီးယပ်ဆောင်နှင့် တည်ဆောက်ဆဲ ခွဲစိတ်လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမ်းမြို့နယ် စွယ်တော်တိုက်ဓမ္မာရုံ၌ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့ဦးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဓိက အမှူးပြုသော အဖွဲ့ဝင် ဆရာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမ်းမြို့ရှိ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်စခန်း အမှတ်(၂၅)သို့ ရောက်ရှိကြရာ ကွပ်ကဲရေးမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများ၊ မိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် ကွပ်ကဲရေးမှူး ဦးမြင့်ဦးက စခန်းအမှတ်(၂၅)၌ နယ်စပ်ကုန်သွယ်ရေး၊ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ရပ်မိရပ်ဖများတွေ့ဆုံ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမ်းမြို့ အမ္ဗနဒီခန်းမ၌ အမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကြည်ဝင်းကမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြို့ကွက်သစ်ဖော်ထုတ်ခြင်း၊ မိုးစပါးစိုက်ပျိုးမှု၊ဆီထွက်သီးနှံ၊ပဲအမျိုးမျိုးစိုက်ပျိုးမှု၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောစိုက်ခင်းများ စိုက်ပျိုးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမ်းမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကျောင်းဆောင်သစ်များတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးပြီး ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး၊ စိုက်ပျိုးသီးနှံများအထွက်တိုးရေး၊ ပဲတီစိမ်း၊ ငရုတ်ကောင်းကဲ့သို့ ဈေးကောင်းသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သစ်တောစိုက်ခင်းများထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းပြီး ဆောင်ရွက်ဖွယ်ရာများကို မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမ်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်သန်းမြင့်အားလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ဆရာဦးသိန်းမောင်အားလည်းကောင်း ပေးအပ်သည်။

အမ်းမြို့ဖွံ့ဖြိုးရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးခရီးစဉ်တွင် ယမန်နေ့က တောင်ကုတ်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များသို့ သွားရောက်ခဲ့ပြီး ဒေသ၏ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ပံ့ပိုးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့နံနက်ပိုင်းက အမ်းမြို့နယ်ဖွံ့ဖြိုးရေးအတွက် မြို့ပြတည်ဆောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးဆိုင်ရာ ကိစ္စများကိုလည်း ပံ့ပိုးပေးခဲ့ပြီးဖြစ်ကြောင်း။

အမ်းမြို့နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းမှုရှိသည့်မြို့နယ်ဖြစ်သည်နှင့်အညီ ရာသီသီးနှံနှင့်နှစ်ရှည်ပင် သီးနှံများ ယခုထက်တိုးချဲ့စိုက်ပျိုးသွားရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက အားပေးကူညီဆောင်ရွက်သွားကြရန်လိုကြောင်း၊ တင်ပြချက်စာရင်းအရ အမ်းမြို့နယ်အတွင်း တောင်ယာမြေ ၆၉၆၂ ဧက ရှိနေရာ တောင်ယာလုပ်ကိုင်ခြင်းဖြင့် သစ်တောများ ပြုန်းတီးပျက်စီးသည့်အပြင် ရာသီဥတုကိုပါ ပြောင်းလဲစေသဖြင့် ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲထူထောင်စိုက်ပျိုးရေး စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ပညာပေးစည်းရုံး

ထို့ပြင်စိုက်ပျိုးရေး အခြေခံစီးပွားရေးတိုးတက်မှု ပိုမိုရရှိခံစားနိုင်စေရန် အထွက်နှုန်းကောင်းမျိုးများ ပြောင်းလဲ စိုက်ပျိုးသွားစေရန်အတွက် စီမံဆောင်ရွက်ပေးသွားရန်ဖြစ်သကဲ့သို့ မျိုးကောင်းမျိုးသန့်များအစားထိုး ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အမှန်တကယ် အကျိုးခံစားရသည်ကို တောင်သူများယုံကြည်စိတ်ချမှုရှိစေရန် ဌာနဆိုင်ရာများက ဦးဆောင်နမူနာစံပြစိုက်ကွက်များထူထောင်စိုက်ပျိုးပြသ ပညာပေးစည်းရုံးဆောင်ရွက် သွားကြရန်လိုကြောင်း၊ မိမိဒေသဝမ်းစာဖူလုံရေးကို အမှီအခိုကင်းစွာဖြင့် စိုက်ပျိုးသွားရေးစီမံချက်အတိုင်း အလေးထားဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ ထို့ပြင် အမ်းမြို့နယ်တွင် သစ်တောပြန်လည်စိုက်ပျိုးရေးလုပ်ငန်းကိုလည်း တင်ပြရာ စီမံချက်ပါ အရေအတွက်အတိုင်း ဖြစ်ထွန်းရှင်သန်အောင် စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသများအမြန်ဖွံ့ဖြိုးတိုးတက်လာရေး၊ ပြည်သူများ လူနေမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းရေး၊ ဒေသနေ ပြည်သူများ၏ ယုံကြည်အားကိုးမှုများရရှိအောင် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး လက်တွေ့ကျကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမ်းလေယာဉ်ကွင်းသို့ ရောက်ရှိကြပြီး ဆက်လက် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

– ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် **'လူမှုရေးဆိုင်ရာအခြေခံမူ'**၊
– အမျိုးသမီးများ၏အခန်း ကဏ္ဍကိုမြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် **'အမျိုးသမီးရေးရာ အခြေခံမူ'**

တို့နှင့်အညီ မိမိအမျိုးသားရေး လုပ်ငန်းတာဝန်များကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းညှိနှိုင်း

ထို့ကြောင့် အမျိုးကိုချစ်သော မြန်မာအမျိုးသမီးတိုင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကိုလိုလားသော မြန်မာအမျိုးသမီးတိုင်းပါဝင်ပြီး အမျိုးသားရေးသက်သက်ကိုသာ ကြိုးပမ်းဆောင်ရွက်နိုင်မည့် ရေခံကောင်း၊ မြေခံကောင်း၊ အခြေခံကောင်းများစုစည်းရာဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ မျှော်မှန်းချက်နှင့်အညီ ပီပီပြင်ပြင် ခိုင်ခိုင်မာမာဖွဲ့စည်းဖြစ်ပေါ်လာစေရအောင် တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယင်းအခြေခံမူများ၊ ရည်ရွယ်ချက်များနှင့်အညီ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအဆင့်မှ တာဝန်ရှိသူများက ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြီး အဖွဲ့ချုပ်၏ မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ အသင်းဝင်အဖြစ် ပါဝင်လိုသူများ ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များ စသည်ဖြင့် သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်း။

ယင်းသို့ အခြေခံဒေသ ရပ်ကွက်နှင့် ကျေးရွာများအထိဆင်းပြီး ပြည်သူများနှင့်ထိတွေ့ ဆွေးနွေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းများ၊ လုပ်ငန်းရည်မှန်းချက်စသည်တို့တွင် ပြုပြင်ဖြည့်စွက်ဆောင်ရွက်ရန်ရှိပါက ပြုပြင်ဖြည့်စွက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ခွဲခြားသိရန်လို

မြန်မာအမျိုးသမီးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း စသည့် အမျိုးသမီးကဏ္ဍဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ အသင်းများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များတူညီမှုမရှိသည်ကို ခွဲခြားသိမြင်ရန်လိုကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုကြီးနှင့် ပတ်သက်၍ စိတ်ဓာတ်ရေးရာမြင့်မား ခိုင်မာရေးအတွက် ပညာပေးမှု၊ စည်းရုံးမှု၊ ကာကွယ်စောင့်ရှောက်မှုများကို အဓိကစွမ်းဆောင်ပေးသွားမည့် အဖွဲ့အစည်းဖြစ်ကြောင်း။

အမြင့်ဆုံးအဖွဲ့အစည်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်၏မူဝါဒများ၊ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အမျိုးသမီးကဏ္ဍဆိုင်ရာအမြင့်ဆုံးအဖွဲ့အစည်းပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ အဖွဲ့ချုပ်ကြီးအပါအဝင် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်သည် အဖွဲ့ချုပ်၏မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများ၏ ထိန်းကွပ်မှုဖြင့် စနစ်တကျ လှုပ်ရှားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့အသီးသီးသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ငန်းများကို တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးကဏ္ဍနှင့်စပ်လျဉ်း၍ အမြင့်ဆုံး လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ အသင်းဝင်တိုင်းက မေတ္တာ၊ ကရုဏာ၊ စေတနာရှေ့ထားပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သို့ဖြစ်၍ ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရှေ့ဆက်လျှောက်လှမ်းရမည့်ခရီး လမ်းမှန်ကန်ဖြောင့်ဖြူးစေရေးအတွက် အဖွဲ့ချုပ်၏အမျိုးသမီးကဏ္ဍဆိုင်ရာ ရည်မှန်းချက်များ ခိုင်မာစွာအကောင်အထည်ဖော်နိုင်စေရအောင် အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွဲ့ချုပ်ဖွဲ့စည်းမှုအခြေအနေနှင့် စပ်လျဉ်း၍တင်ပြရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့ချုပ်တွင် ဂုဏ်ထူးဆောင် နာယကကြီးနှစ်ဦး၊ နာယကအဖွဲ့ဝင် ၁၂ ဦး၊ ဗဟို အလုပ်အမှုဆောင် ၄၄ ဦးတို့ပါဝင်သော ဗဟိုအမျိုးသမီးရေးရာအဖွဲ့ ၃၃၂ ဦးတို့ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

အဖွဲ့ချုပ်သည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီ သို့ချပေးသော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးဆိုင်ရာ မူဝါဒများနှင့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံမှသတ်မှတ်ထားသော ကဏ္ဍများကိုအခြေခံ၍ လုပ်ငန်းကြီး၁၆ရပ်ကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းတို့မှာ (၁)ပညာရေး၊ (၂) ကျန်းမာရေး၊ (၃) စီးပွားရေး၊ (၄) အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ (၅) ယဉ်ကျေးမှု၊ (၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ (၇)ပြန်ကြား/ဆက်သွယ်ရေး၊ (၈)အမျိုးသမီးငယ်ရွယ်ကဏ္ဍ၊ (၉)အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး၊ (၁၀)ဥပဒေများပြန်လည်စိစစ်အကြံပြုရေး၊ (၁၁)လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး၊ (၁၂)ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ (၁၃)စည်းရုံးရေး၊ (၁၄)တိုင်းရင်းသား ရိုးရာလုပ်ငန်း၊ (၁၅)စည်းကမ်း ထိန်းသိမ်းရေး၊ (၁၆)ဘဏ္ဍာရေးနှင့် စီမံရေး တို့ဖြစ်ပါကြောင်း။

အခြေခံစည်းမျဉ်းများပြုစု

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံလုပ်ငန်းများနှင့် အခြေခံစည်းမျဉ်းများကို စာအုပ်ပြုစုထားပြီးဖြစ်ပါကြောင်း။

အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များအနေဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်နယ်နှင့်တိုင်းများသို့ ကွင်းဆင်းရာတွင် (၁)ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်နယ်၊ တိုင်းအတွင်းရှိ အမျိုးသမီးထုများအား လုပ်ငန်းရှင်းလင်းပွဲပြုလုပ်ခြင်းနည်းလမ်းနှင့် (၂)ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် မေးမြန်းချက်များဖြေကြားခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်နယ်၊ တိုင်းများသို့ ရှင်းလင်းရာတွင် (၁) ဘဏ္ဍာငွေများ ရရှိ၊ သုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံး လုပ်နည်းများ၊ (၂) အစီရင်ခံစာပြုစုရာတွင် လိုအပ်သည့်အညွှန်းကိန်းများ၊ (၃)မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အခြေခံစည်းမျဉ်းစာအုပ်စသည်တို့ကို ဖြန့်ဝေခဲ့ပါကြောင်း၊ ထို့အပြင် မေးမြန်းချက်များကိုလည်း ဖြေကြားပေးခဲ့ပါကြောင်းနှင့် ပြည်နယ်၊ တိုင်းများနှင့်လုပ်ငန်းများဆွေးနွေးရာ၌ တွေ့ရှိချက်နှင့်မေးမြန်းသည့်အချက်အလက်များနှင့်တကွ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာ အဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်း အဝေး ကျင်းပရေးနှင့် စပ်လျဉ်း၍ ကျင်းပရန်နေ့ရက်နှင့် နေရာလျာထားချက်၊ အစည်းအဝေး၏ ရည်ရွယ်ချက်များ၊ အစည်းအဝေး ကျင်းပရေးအတွက် ဖွဲ့စည်းဆောင်ရွက်သွားမည့်ကော်မတီများနှင့်အဖွဲ့များ၊ ကိုယ်စားလှယ်များ တည်းခိုရေး၊ အစည်းအဝေးအတွက် ခန့်မှန်းကုန်ကျစရိတ်တို့ကို အသေးစိတ်ရှင်းလင်း တင်ပြကြပြီး ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ အကြံပြုညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ရုပ်လုံးပေါ် ပီပြင်လာပြီဟုပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ပထမသက်တမ်းကာလအစဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်၏ လုပ်ငန်းများစနစ်ကျနမှန်ကန်ရန် လွန်စွာအရေးကြီးကြောင်း။

အဖွဲ့ချုပ်ကို ဦးဆောင်ဦးရွက်ပြုသူများ၏ မှန်ကန်သော စည်းရုံးဦးဆောင်မှု၊ စနစ်ကျနသော လုပ်ငန်းဆောင်ရွက်မှုများ၊ ပီပြင်သောပညာပေးကြီးကြပ်မှုများအပြင် ပုဂ္ဂိုလ်ရေးအားဖြင့် အကျင့်စာရိတ္တ မြင့်မားခိုင်ကျည်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ မိမိအဖွဲ့အစည်းအပေါ် စေတနာကောင်း ထားရှိမှု စသည့် ကဏ္ဍအားလုံးတွင် စံနမူနာပြဖြစ်နေရန် လိုအပ်ကြောင်း။

အမျိုးသမီးများကဏ္ဍတွင် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့်လူမှုရေးအဖွဲ့အစည်းကြီးအဖြစ် သမိုင်းတွင် ရေရှည်တည်တံ့အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက်နှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အဖွဲ့ချုပ်လုပ်ငန်းများရှင်းလင်း

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် မြန်မာ့လေကြောင်းဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ရောက်ရှိကြသည်။

ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အဖွဲ့အား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသူများက လားရှိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်နှင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ ကွမ်းလုံခရိုင်၊ လောက်ကိုင်ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက် ၁၂ ရပ်ကွက်မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ စုစုပေါင်း အင်အား ၅၅၇ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ထုရော်က ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကိုလည်းကောင်း၊ အဖွဲ့ချုပ် ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်မိုးမိုးခိုင်က ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ်များ ပြုစုပျိုးထောင်ရေး၊ ပြန်လည် နေရာချထားရေး၊ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးကိစ္စရပ်များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ ဆက်သွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်ရီရီမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်းအသီးသီး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ပေးအပ်လှူဒါန်းသောငွေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့၏ နာယကအရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က ပေးအပ်လှူဒါန်းရာ အလှူငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လက်ခံယူသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အလားတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့်တွေ့ဆုံပွဲကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဖွဲ့စည်းပုံနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအလုပ်အမှုဆောင်အဖွဲ့များက သိလိုသည့် အချက်အလက်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလွန်ဆန်အလှူတရားပွဲ

ရန်ကုန် မတ် ၂

ဗဟန်းမြို့နယ် ဆရာစံတောင် (စံပြ) ရပ်ကွက်လုံးဆိုင်ရာ (၂၈)ကြိမ်မြောက် မလွန်ဆန်အလှူ အသင်းထောက်က ကြီးမှူး၍ အလှူခံရရှိသော ဆွမ်းဆန်တော် တင်းပေါင်း ၃၀၀ နီးပါး စုပေါင်းရေစက်ချတရားပွဲကို ဆရာစံတောင် (စံပြ)ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းအတွင်း၌ မတ် ၅ ရက် ညတွင်(အရှင်ပညာသီဟာဘိဝံသ)သ၊စ၊အ၊ ဓမ္မစရိယ၊ ပါဠိပါရဂူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော်၊ မတ် ၆ ရက်ညတွင် ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်း ပဓာနနာယက ဆရာတော် သီတဂူကြာတပွင့် အရှင်ခေမာသီရိလင်္ကာရဆရာတော်၊ မတ် ၇ရက်ညတွင် အရှင်ခေမိန္ဒ နယ်လှည့် ဓမ္မကထိက ခင်မကန်ကျောင်းတိုက် ဒဂုံမြို့သစ် ဆရာတော်တို့က ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က-ပ)**

မွေးနေ့ဆုတောင်း

အနန္တဂိုဏ်းဝင် မိဘရင်းကဲ့သို့ မေတ္တာ ကြီးမားလှပါသော ဒယ်ဒီ ဦးဝင်းမြင့်၏ ၃-၃-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာထိတိုင်အောင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် ပွားများအားထုတ် နိုင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ချစ်သော ညီ၊ညီမများ။
ချစ်သော တူ၊ တူမများ။



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်း သားများအတွက် စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
အင်္ဂလိပ်စာဘာသာ သိကောင်းစရာ

ဒီကနေ့ပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ပြောကြားပို့ချမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ကို လေ့လာမယ်ဆိုရင် ပြဋ္ဌာန်းထားတဲ့ English Text ကို သေသေချာချာ လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ စုစုပေါင်း Units (၁၅)ခုပါရှိပြီး Unit တိုင်းမှာ Comprehension Tasks. Vocabulary, Grammar နဲ့ Writing အပိုင်းတွေပါပါတယ်။ ဒါ့အပြင် Poems (၇) ပုဒ်နဲ့ Speaking Section မှာ function (၅)မျိုးနဲ့ ဘယ်လိုအသုံးအနှုန်းပြောဆိုပုံတွေကို ဥပမာ Dialogues တွေနဲ့ဖော်ပြထားတာ တွေ့ကြမှာပါ။

ကျောင်းသားကျောင်းသူများအနေနဲ့ ဒီ Text မှာပါတဲ့ Unit အားလုံးရဲ့ Exercises တွေအားလုံးကို ကျေကျေညက်ညက် မခြွင်းမချန်သိရှိလေ့ကျင့်ထားကြဖို့လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးမှာဖြစ်ပါတယ်။ ယခင်နှစ်မေးခွန်း format တွေလိုပဲ မေးခွန်း (၈)ပုဒ်မေးမှာဖြစ်တယ်။ ဒီမေးခွန်း(၈)ပုဒ်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို အခုရှင်းပြပါ့မယ်။

မေးခွန်းနံပါတ် (၁)ကတော့ English Text မှာပါတဲ့ Units(၁၅)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီ စာပိုဒ်ပါအကြောင်းအရာတွေကို မေးခွန်းအမျိုးအစား နှစ်မျိုးနဲ့ မေးမြန်းမှာဖြစ်တယ်။ ပထမမေးခွန်းက Write the correct word or words to complete each sentence ဖြစ်တယ်။ ဒါဟာ Supply Type လို့ခေါ်တဲ့ မပြည့်စုံသေးတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံသွားအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး one word စာလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာ ဖြစ်တယ်။ သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံး၊ စကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ ရချင်မှရမယ်။ Sentence ရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့လိုချင် လိုလိမ့်မယ်။ ဥပမာ–စာပိုဒ်ထဲမှာ noun form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့် ကွက်လပ်မှာ adjective form ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့် ကွက်လပ်မှာ noun form ဖြည့်ချင်ဖြည့်ရမယ်။ ဒုတိယမေးခွန်းကတော့ Answer each question in one sentence ဖြစ်တယ်။ Wh question တွေနဲ့ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း(၅)ခုမေးထားတယ်။ ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲမှာ အဖြေရှာပြီး ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာဖြစ်တယ်။

မေးခွန်းအားလုံးဟာ ပြဋ္ဌာန်းစာအုပ်ထဲက ထုတ်နုတ်ထားတဲ့ စာပိုဒ်တွေထဲကပဲ မေးထားတာဖြစ်လို့ ကျောင်းသားကျောင်းသူအားလုံး ဖြေဆိုနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီမေးခွန်းမှာ အမှတ်ပြည့်ရရှိဖို့အတွက် forms နဲ့ usage တွေကို လေ့လာထားရုံသာမက မေးခွန်းကလိုအပ်တဲ့အဖြေကို တိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ အကြံပေးပြောကြားလိုပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များ၊ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလဲ မပြုကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကိုပဲ တိုက်ရိုက် ထိထိမိမိ ပြန်ဖြေတတ်အောင် လေ့ကျင့်ထားကြပါ။ ဒါမှ အမှတ်ပြည့်ရကြမှာပါ။

မေးခွန်းနံပါတ်(၂) cloze procedure မှာလည်း ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Units (၁၅)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ခုနစ်လုံး၊ ရှစ်လုံး သို့မဟုတ် ကိုးလုံးမြောက်စာလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း (၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စာလုံး(၂၀)ကိုလဲ စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့် အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး။ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသားကျောင်းသူများရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ချိုင့်၍ စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလဲ သတိပြုကြပါ။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို စာလုံးသေးနဲ့ ပြန်ရေးမိတာမျိုးမဖြစ်ပါစေနဲ့။ အနည်းကိန်း အများကိန်းမှားမသွားပါစေနဲ့။ plural number ဖြစ်ရမှာကို 'S' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ပေါ့။ ဒါကြောင့် စာလုံးကြီးနဲ့စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လဲ လိုပါတယ်။

မေးခွန်းနံပါတ် (၃)ကတော့ Recall type ဖြစ်တယ်။ Item (၁၀)ခုအနေနဲ့ စာကြောင်း(၁၀)ခုကို ကွက်လပ်တစ်ခုစီနဲ့ပေးထားပြီး ဒီကွက်လပ်တွေကို မှန်ကန်အောင်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပထမကွက်လပ် (၅)ခုက text မှာပါတဲ့ Units (၁၅)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ် (၅)ခုကတော့ Poems (၇)ခုထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူများရဲ့ သင်ယူထားတဲ့ အချက်အလက်တွေကို နားလည်မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတာဖြစ်တယ်။ ကဗျာအပိုင်းကို ဖြေဆိုရာမှာ ဘယ်လိုအမှားမျိုးကိုမှ လက်မခံတာ သတိပြုပါ။ exact recall ဆိုတဲ့ တိကျတဲ့ ဖြည့်စွက်မှုကိုပဲ လိုချင်တဲ့အတွက် punctuation နဲ့ စာလုံးပေါင်း မှားယွင်းမှုတွေပါ မဖြစ်ရအောင် သတိထားကြပါ။

မေးခွန်းနံပါတ်(၄)ကတော့ Recall type နဲ့ reference to the context ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိမရှိ စစ်ဆေးတဲ့အနေနဲ့ မေးခွန်း(၅)ခု မေးပါတယ်။ ပထမမေးခွန်း (၂)ခုကတော့ text မှာပါတဲ့ Units (၁၅)ခုထဲက အချက်အလက်တွေကို ကောက်နုတ်မေးတာဖြစ်တယ်။ ကျောင်းသားကျောင်းသူများက အချက်အလက်ရော၊ သဒ္ဒါရောမှန်တဲ့ ဝါကျစာကြောင်းတွေနဲ့ ဖြေကြားရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ကောင်းမွန်စွာ ဖြေဆိုနိုင်ဖို့ Units (၁၅)ခုလုံးပါ အကြောင်းအရာတွေကို အသေးစိတ် ဖတ်မှတ်ထားဖို့ လိုပါတယ်။

ဒီမေးခွန်းနံပါတ် (၄)ရဲ့ မေးခွန်း (၃)နဲ့ (၄) မှာတော့ အထူးမှာကြားစရာရှိပါတယ်။ အဲဒီအပိုင်းမှာ မေးခွန်းပုံစံ (၅)မျိုးလောက် မေးနိုင်တယ်။ ဒါတွေကတော့

1. What is the title of the unit from which the following line or sentence is taken?
   What does the underlined word in the sentence mean ? ဆိုပြီး text ထဲက စာကြောင်း တစ်ကြောင်း၊ ဝါကျတစ်ခု ကောက်နုတ်ပေးထားတာကို ဘယ် unit ခေါင်းစဉ်အောက်ကလဲ၊ မျဉ်းသားထားတဲ့ စာလုံးက ဘာကိုဆိုလိုတာလဲ ဆိုတာတွေကို ဖြေကြားပေးရမှာဖြစ်တယ်။
2. What is the title of the unit from which the following line or sentence is taken ?
   What does it mean ? ဆိုပြီး text ထဲက စာကြောင်းတစ်ကြောင်း၊ ဝါကျတစ်ခု ကောက်နုတ်ပေးထားတာကို ဘယ် unit ခေါင်းစဉ်အောက်ကလဲ၊ စာကြောင်း သို့မဟုတ် ဝါကျက ဘာကိုဆိုလိုတာလဲ ဆိုတာတွေကို ဖြေကြားပေးရမှာ ဖြစ်တယ်။
3. Who said these words and to whom were they said ? What is the title of the unit from which they are taken ? ဆိုပြီး Units(၁၅)ခုထဲက စာကြောင်း တစ်ကြောင်းကို ကောက်နုတ်ဖော်ပြထားပြီး မေးရင် ဘယ်သူက ဘယ်သူ့ကို ပြောခဲ့တာပါ၊ ဘယ် unit ခေါင်းစဉ်အောက်ကပါ ဆိုတာတွေကို ဖြေပေးရမှာ ဖြစ်တယ်။
4. Who said these words and to whom were they said ? What do they mean ?လို့ မေးရင်တော့ ဘယ်သူက ဘယ်သူ့ကိုပြောခဲ့တာပါ၊ ဘာကိုဆိုလိုတာဖြစ်ပါတယ် စသဖြင့် ဖြေရမှာဖြစ်တယ်။
5. Who said these words and to whom were they said ? What does the underlined word in the sentence refer to? လို့မေးရင်တော့ ဘယ်သူက ဘယ်သူ့ကို ပြောခဲ့တာပါ၊ မျဉ်းသားထားတဲ့ စာလုံးက ဘာကိုရည်ညွှန်းပါတယ် စသဖြင့် ဖြေကြားပေးရမှာ ဖြစ်တယ်။

ဒီမေးခွန်းတွေကို ဖြေဖို့ကလဲ Text ထဲက Units တွေရဲ့ Reading comprehension exercises တွေမှာလေ့ကျင့်ဖို့ ပါပြီးဖြစ်တဲ့အတွက် ဘယ်လိုဖြေရမယ်ဆိုတာ သိကြပြီး ဖြစ်မယ်ထင်ပါတယ်။ Unit 2: Too Much Knowledge Maketh Fools ရဲ့ comprehension exercise A မှာ What do the underlined words in the passage refer to ? ဆိုပြီး မေးထားတာကို ဖြေရတာမျိုးဖြစ်တယ်။ မျဉ်းသားထားတဲ့စာလုံးဟာ ဘာကိုရည်ညွှန်းတယ်ဆိုတာ ဖြေရမှာဖြစ်တယ်။

What does the following sentence mean ? What do they (these words) mean ?ဆိုတဲ့ မေးခွန်းတွေမှာလို Units(၁၅) ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတဲ့အခါ အဲဒီစာကြောင်းထဲမှာပါတဲ့ It တို့ we တို့ they တို့စသဖြင့် pronouns တွေဟာ ဘာကိုညွှန်းတာလဲဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာ ဖြစ်တယ်။

အဲဒီ Question 4 ရဲ့ item ၅ ကတော့ poem တစ်ခုထဲက lines စာကြောင်းအချို့ကို ဖော်ပြထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ What do these lines mean ? ဆိုပြီး ကောက်နုတ်ဖော်ပြထားတဲ့ ကဗျာရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတဲ့ မေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ရယ်၊ ဒီလိုသိရှိနားလည်ဖို့ အထပ်ထပ်အခါခါ ဖတ်မှတ်ထားဖို့ပဲ ဖြစ်ပါတယ်။

မေးခွန်း နံပါတ် (၅)က မေးခွန်းနံပါတ်(၁)လိုပဲ Units (၁၅)ခုထဲက passage စာပိုဒ်တစ်ပိုဒ် ပေးထားပြီး အဲဒီစာပိုဒ်နဲ့ဆိုင်တဲ့ မေးခွန်း (၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ စာကိုကျွမ်းကျင်စွာ ဖတ်တတ်ရင် ရေးထားတဲ့ အကြောင်းအရာများကို နားလည်မယ်၊ ရေးထားတဲ့ အချက်အလက်တွေကို ရှာဖွေရွေးထုတ်တတ်မယ်။ စာဖတ်ပြီး ဒီလိုနားလည် မလည်ဆိုတာကို ဒီမေးခွန်းနံပါတ် (၅)က စစ်ဆေးတာဖြစ်ပြီး ဒီမေးခွန်းကို ကောင်းစွာဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေညက်စွာဖတ်ပြီး သဒ္ဒါနည်းအရ မှန်ကန်သောဝါကျများ တည်ဆောက်တတ်အောင် အလေ့အကျင့်များများ လုပ်ရပါမယ်။

မေးခွန်းနံပါတ်(၆)ကတော့ Punctuate the following လို့မေးထားတဲ့ Punctuation နဲ့ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ comma, semi-colon,Colon, full stop, question mark, open and colse inverted commas, exclamation mark တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်မတတ်စစ်ဆေးမှာဖြစ်တယ်။ ကျောင်းသားကျောင်းသူများ လွယ်ကူစွာ ဖြေဆိုနိုင်စေဖို့ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းများကို မေးလေ့ရှိပေမယ့် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလဲ မေးနိုင်တယ်။ အဓိက ကတော့ Punctuation ဆိုတာဘာလဲ၊ ဘယ်လိုသုံးရမလဲဆိုတာသိဖို့ အရေးကြီးတယ်။ Punctuation တွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ မှန်မှန်ကန်ကန် သုံးတတ်ရင် စာစီစာကုံးရေးသားရာမှာ အထောက်အကူ အများကြီးဖြစ်ပါတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ခြင်းမပြုဘဲ အလေ့အကျင့်များများ လုပ်ပေးဖို့ လိုပါတယ်။

မေးခွန်းနံပါတ် (၇)မှာ နှစ်ပိုင်းပါဝင်ပါတယ်။ ပထမတစ်ပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given. လို့ဆိုပြီး စာကြောင်း (၁၀)ခု ပေးထားပါတယ်။ အဲဒီပေးထားတဲ့ စာကြောင်း (၁၀)ခုကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ Different structure pattern နဲ့ ပြန်ရေးပေးရမှာ ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းသော်လဲ ရေးသားတည်ဆောက်ပုံမတူတဲ့ ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ ပါရှိပြီးဖြစ်တဲ့အတွက် အဲဒီ Grammar Exercise တွေကို များများ လေ့ကျင့်ရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။ Stylistic Transformation ကို ပိုင်နိုင်ကျွမ်းကျင်ရင် ကြိုတင်ရေးသားထားတဲ့ စာစီစာကုံးတွေကိုတောင်မှ မိမိစကား၊ မိမိကိုယ်ပိုင်ရေးသားဟန်နဲ့ ပြန်ရေးနိုင်မှာ ဖြစ်တယ်။

မေးခွန်း (၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးတားတဲ့ prompts များကို သုံးပြီး a short paragraph စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ခေါင်းစဉ်မြင်တာနဲ့ ဘာမှမစဉ်းစားဘဲ ချရေးလိုက်တာမျိုး မလုပ်ပါနဲ့။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ် (၈)ကတော့ letter writing ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲ ဖြစ်တယ်။ ဒီနေရာမှာ–

(၁) စာရေးမယ့် သူက ဘယ်သူလဲဆိုတာ ရှာပါ။
(၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာ ကြည့်ပါ။
(၃) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။

ဒီလိုအချက်အလက်တွေကို သေသေချာချာ လေ့လာပြီးမှ letter ကိုစရေးပါ။ နောက်ပြီး အလွတ်ကျက်ထားတဲ့ letter တွေကို ချရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ အလွတ်ကျက်ထားတဲ့ စာတွေမှာ ရေးခိုင်းတဲ့စာနဲ့ တူတဲ့အကြောင်းအရာ ပါရင်တောင် တစ်ကြောင်း၊ နှစ်ကြောင်းလောက်ပဲ သက်ဆိုင်တာပါမယ်။ ရေးရမယ့်အကြောင်းရင်းကိုမသိဘဲ အလွတ်ကျက်ထားတာအားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းရမယ်။ **စာမျက်နှာ ၁၆ ကော်လံ ၁**

ဇန်နဝါရီ ၁၈ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ်အားကစား သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ကျင်းပသည့် မြို့နယ်လုံးကျွတ် နဝမအကြိမ်မြောက် သံဃာတော် အပါး ၃၀၀ အား ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနား ကျင်းပရာ ဒေသခံ ပြည်သူများက ဆွမ်းဆန်တော်များ လောင်းလှူကြစဉ်။ (၂၄၇)

အမြို့မြို့ အနယ်နယ် သတင်းများ

နွေစပါးစိုက်ပျိုးရေးလုပ်ငန်းဆွေးနွေး

ရွှေဘို ဖေဖော်ဝါရီ ၂၃

ရွှေဘိုခရိုင်အတွင်း နွေစပါးအပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးသောတောင်သူများနှင့်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရွှေဘိုမြို့နယ်တဂေါင်းကျေးရွာ စိုက်ပျိုးရေးပညာပေးရေ့တန်းစခန်း၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက်က ကျင်းပရာ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲရုပ်သိမ်း

တွေ့ဆုံ ဆွေးနွေးပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်ကသတ်မှတ်လျာထားချက်အပြည့်အဝ စိုက်ပျိုးရေးနှင့် တိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်လတ်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇော်ဝင်း၊ ခရိုင်ဆည်မြောင်းဦးစီးမှူး ဦးဝင်းဆွေတို့က နွေစပါးစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ပါဝင်ကာ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ကျေးရွာအုပ်စု(၁၄)အုပ်စုမှ နွေစပါးစိုက်တောင်သူ ၃၅၀ တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်မြို့ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်သည့် မြန်မာ့ရဲရာထိုင်းသင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်း ဖွင့်ပွဲကို ဇန်နဝါရီ ၁၉ရက်က ကျင်းပရာ ပုသိမ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြ အမှာစကား ပြောကြားစဉ်။ (က-ပ)

နွေစပါးစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲနှင့် ကောက်ရိုး သဘာဝမြေဆွေးပြုလုပ်မှုသရုပ်ပြ

ဆီဆိုင် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်ဒေသ ဆန်ဖူလုံရေးစီမံချက် အကောင်အထည်ဖော် ပြည့်မီနိုင်ရေးအတွက် ဆီဆိုင်မြို့နယ်က ၂၀၀၃-၂၀၀၄ နွေစပါး စိုက်ဧက ၂၅၀၀ပြည့်မီ ကျော်လွန်စွာ စိုက်ပျိုးသွားနိုင်ရန် တောင်သူတစ်ဦးချင်း တာဝန်ပေးအပ်ပွဲ**(ယာပုံ)** နှင့် အီးအမ်ဘိုကာရှီ-ဒိုချကင်း အပါအဝင် ကောက်ရိုး သဘာဝမြေဆွေးပြုလုပ်မှု သရုပ်ပြပွဲ အခမ်းအနားများကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။

အဆိုပါ ဆီဆိုင်မြို့နယ်က ယခုနှစ် နွေစပါးစိုက်ဧက ၂၅၀၀စိုက်ပျိုး ထုတ်လုပ်သွားကြရန်အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး ဦးဆောင်သည့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တဘက်ကျေးရွာအုပ်စု၊ ဘန်းယဉ်ကျေးရွာအုပ်စု၊ နောင်မွန်ကျေးရွာအုပ်စုနှင့် ပုံးအင်းကျေးရွာအုပ်စုများကို မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက တောင်သူတစ်ဦးချင်းအား ကျေးရွာများအရောက်ကွင်းဆင်း တာဝန်ပေးအပ်ပြီး တောင်သူများ လိုအပ်သည့် စက်သုံးဆီနှင့် အခြားပံ့ပိုးပစ္စည်းများကို မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပံ့ပိုးပေးကြောင်း သိရသည်။

(၀၄၈)

ငရုတ်ကောင်းစိုက်ခင်းကြည့်ရှု

မော်လိုက် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့ အောင်ရတနာ(မိုးကောင်းရပ်)တွင် ဝန်ထမ်းစုပေါင်းစိုက်ခင်း၌ စိုက်ပျိုးထားသော ငရုတ်ကောင်းပင်များ ရှင်သန်အောင်မြင်မှုကိုမော်လိုက်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၇ ရက်က ဌာနအလိုက်စိုက်ပျိုးထားသည့် ငရုတ်ကောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၀ရက်က သန်လျင်မြို့ နာရေးကူညီမှုအသင်း ဖြစ်မြောက်ရေးအဖွဲ့သို့ သန်လျင်မြို့ အမှတ် ၉ သူရလမ်း မြို့သစ်အလယ်ရပ်ကွက်နေ ကိုထွန်းနိုင်ဝင်း၊ မညိုမာလွင်တို့ကိုယ်စား ဖခင် ဦးသန်းဝင်းက မင်္ဂလာဦး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာရေးသင်တန်းဖွင့်

ဘောလခဲ ဖေဖော်ဝါရီ ၂၃

ကယားပြည်နယ် ဘောလခဲခရိုင် မြို့နယ်နှင့် မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဇန်နဝါရီ ၂၆ ရက်ကကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကံထွန်းတက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့်ပတ်သက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဌေးကရှင်းလင်းပြောကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက်ဖွင့်

မိုးကောင်း ဖေဖော်ဝါရီ ၂၃

မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံနှင့်စာအုပ်ပြခန်း ဈေးပွဲတော်ကို ဇန်နဝါရီ ၁၄ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်နှင့် မြို့နယ်စာရင်းစစ်မှူး ဦးမင်းဝေတို့က ဓာတ်ပုံနှင့်စာအုပ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့အသံ

၄-၃-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (အဆီချရေညှိဆေးတောင့် ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁) မာဃဝါဇိတ်(ဝတ္ထု-မင်းသိခ်) (၂) အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းယူခဲ့ကြသည့် နယ်ချဲ့များ (ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နောက်ဆုံးပေါ်ရောဂါကာကွယ်ဆေးများ)(မောင်ဆုရှင်)

၁၂း၃၀ အစာနှင့်အာဟာရ (ငါးဖယ်အောင်း)

ညနေပိုင်း

၁၆း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (ရူပဗေဒ)

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတရေးရာဖြေကြားလွှာ

၁၈း၁၅ ဟောပြောချက် (တပ်မတော်၏ စွမ်းဆောင်ချက်များ)

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အပျိုမမိသင်းထုံ)

၂၀း၃၀ (၅၁)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ

စာမျက်နှာ ၁၅ မှ

မေးခွန်းနံပါတ် (၉)ကတော့ Essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ် (၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးသားကြရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအနေနဲ့ ဝါကျများကို အင်္ဂလိပ်လို မှန်မှန်ကန်ကန်ရေးနိုင်၊ ဖွဲ့စည်းနိုင်ပြီလို့ ယူဆပါတယ်။ ဒါ့အပြင် အကြောင်းအရာ အချက်အလက်တစ်ခုကို အဓိပ္ပာယ်တူ ဝါကျအမျိုးမျိုးနဲ့ လှည့်ပတ်ရေးနိုင်ကြပြီလို့လဲ ယူဆပါတယ်။ ဒီလိုရေးတတ်ရင် စာစီစာကုံးရေးရာမှာ အများကြီး အထောက်အကူပြုပါတယ်။ Grammar ကိုလဲ မနိုင်၊ Sentence ကိုလည်း မှန်မှန်ကန်ကန် မရေးနိုင်ကြတဲ့ ကျောင်းသားကျောင်းသူများဟာ Essay နဲ့ letter တွေကို အလွတ်ကျက်တာ တွေ့ရတယ်။ တကယ်တော့ အလွတ်ကျက်မှတ်လို့ ကုန်တဲ့အချိန်နဲ့ မိမိဖာသာရေးလို့ကုန်မည့် အချိန်ဟာ အတူတူလောက်ပဲ ဖြစ်ပါတယ်။ မိမိကိုယ်ပိုင်ရေးတဲ့ လေ့ကျင့်မှုရဲ့အားသာချက်ကတော့ ရေးရင်းနဲ့ အမှားကိုသိလာတယ်။ ပြင်တတ်လာတယ်။ ပြီးတော့ ရေးရင်းရေးရင်းနဲ့ မိမိရေးဟန် Style ကို ပြင်တတ်လာမှာဖြစ်ပါတယ်။ အဓိကကတော့ လေ့ကျင့်မှုတွေ အများကြီးလုပ်ကြဖို့ပဲ ဖြစ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ Paragraph writing, letter writing နဲ့ Essay writing ကောင်းအောင်ရေးနိုင်ဖို့ဆိုတာ အခုဖော်ပြမည့် အချက်အလက်တွေကို သိရှိထားရမှာ ဖြစ်ပါတယ်။

(၁) Facts မှန်ကန်ပြည့်စုံခြင်း။ ဒါကတော့ ရေးရမည့်အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့အချက်အလက်တွေ၊ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ခြင်းပဲဖြစ်တယ်။

(၂) Relevancy ရှိခြင်း။ ဒါကတော့ မိမိရေးရမည့် အကြောင်းအရာ topic နဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှု မရှိတဲ့အကြောင်းအရာတွေကို ရေးခဲ့ရင် relevant မဖြစ်ဘူးလို့ သတ်မှတ်လို့ အမှတ်မရနိုင်ဘူး။

(၃) Organization ကောင်းခြင်း။ ဒါကတော့ အကြောင်းအရာ အချက်အလက်တွေကို နိဒါန်း (Introduction)၊ စာကိုယ် (body)၊ နိဂုံး (conclusion)စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ခြင်းဖြစ်တယ်။

(၄) presentation ကောင်းခြင်း။ မိမိရေးတဲ့အကြောင်းအရာကို စာဖတ်သူ ဘဝင်ကျအောင် style သုံးပြီး ဖွဲ့နွဲ့တင်ပြနိုင်ခြင်းဖြစ်တယ်။ နောက်ဆုံးအချက်ကတော့-

(၅) language ကောင်းခြင်းဖြစ်တယ်။ ဥပမာ-သုံးတဲ့စကားလုံး vocabulary တွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ grammar မှန်မှန်၊ ဝါကျဖွဲ့စည်းပုံမှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ ဖြစ်တယ်။

ဒါကြောင့် letter နဲ့ essay ရေးရာမှာ အခုဖော်ပြမယ့်အဆင့်တွေကို ဆောင်ရွက်သင့်တယ်။

(၁) Togather your ideas ရေးရမယ့်အကြောင်းအရာ ခေါင်းစဉ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အရင်ဦးဆုံး စဉ်းစားဖို့လိုတယ်။ ပေးထားတဲ့ခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဘယ်လိုအကြောင်းအရာတွေကို ရေးနိုင်မလဲဆိုတာ စဉ်းစားရမယ်။

(၂) letter နဲ့ essay ရေးရာမှာ အသုံးပြုနိုင်တဲ့ word forms, verb forms, vocabulary and structure များကို စဉ်းစားထားရမယ်။

(၃) ရရှိထားတဲ့ အချက်အလက် Ideas များကို နိဒါန်း၊ စာကိုယ်၊ နိဂုံး (၃)ပိုင်းမှာ သင့်တော်သလို မှန်မှန်ကန်ကန်ရွေးချယ်ပြီး အစီအစဉ်တကျ ရေးရမယ်။

(၄) ပေးထားတဲ့ ခေါင်းစဉ်နဲ့ ကိုက်ညီတဲ့ tense ကာလကို ရွေးချယ်ရပါမယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျောင်းသားကျောင်းသူများဟာ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ units (၁၅) ခုစလုံးရှိ စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာ ဖတ်ရှုမှတ်သားပြီး ပေးထားတဲ့လေ့ကျင့်ခန်းတွေကို တစ်နှစ်ပတ်လုံး ကြိုးကြိုးစားစားနဲ့ အလေ့အကျင့်များများ ပြုလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်တယ်။ အပတ်တကုတ် ကြိုးစားအားထုတ်ကြတဲ့ ကျောင်းသား ကျောင်းသူတွေအားလုံး အောင်ပန်းဆွတ်ခူး နိုင်ကြပါစေ။ ။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကြေညာချက်

အင်ဂျင်နီယာဌာန (အဆောက်အအုံ)

(၂၂) ကြိမ်မြောက် ပဋ္ဌာန်းအောင်ပွဲကျင်းပ

နတ်မောက် ဖေဖော်ဝါရီ ၂၃

နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာအုပ်စု ကန်စွယ်ကျေးရွာ ကျွဲတဲကျောင်းတိုက်၏ (၂၂)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို နှစ်ဆယ်ဆူဘုရားရင်ပြင်တွင် တပို့တွဲလဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြသည်။

တပို့တွဲလဆန်း ၁၅ ရက် ပဋ္ဌာန်းအောင်ပွဲအဖြစ် ဆရာတော်ဘဒ္ဒန္တ ပညာဇောတနှင့် ဘဒ္ဒန္တ ဓမ္မနန္ဒတို့ကို အမှူးထား၍ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြရာ လှူဒါန်းမှု အစုစုအတွက် ဘဒ္ဒန္တ နန္ဒာစရိယ ဆရာတော်က ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၆ ရက်က မော်လမြိုင်မြို့ အမှတ်(၃)အလယ်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားနှင့်ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည့် မြေစိုက်လှူဆောင်ရေး ပိုစတာကို ကျောင်းသား ကျောင်းသူဟောင်းများက စုပေါင်း၍စိုက်ထူကြစဉ်။ (၁၆၈)

မြို့မတောင်ကိုးလုံး မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၂၃

ပဲခူးမြို့နယ် အင်တကော်ကျေးရွာ မြို့မတောင်ကိုးလုံး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာသံဝေဇနီယ အမှတ်(၁)တွင် ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (မတ်လ ၈ ရက်) မှစ၍ (၃၅)ကြိမ်မြောက် (၁၀)ရက် စခန်းပွဲကို မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အမရပူရမြို့ မင်္ဂလာမဂ္ဂင်ရိပ်သာပင်မ သံဝေဇနိယဌာနကြီး၏ ပဓာန နာယက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး ဦးဇောတိက(လေး)နှင့် ပဲခူးမြို့ မစာသင် တိုက် ပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်ဦးဂန္ဓမာ ဦးစီး၍ အရှင်ဝိစိတ္တသာရ (မြို့မတောင်ကိုးလုံး) ဆရာတော်တို့က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည့် တရားစခန်းပွဲသို့ တရားဝင်လိုသောယောဂီများ တပေါင်းလပြည့်ကျော် ၃ ရက် (မတ်လ ၈ရက်)ညနေ ၃ နာရီ အရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ထန်းတပင် ရွာသစ်ကျေးရွာ စာကြည့်တိုက်ဖွင့်

ထန်းတပင် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ထန်းတပင်ကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာတွင် ဖေဖော်ဝါရီ ၂၂ရက်က ရွာသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝ(ပခန်းမောင်)ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ပညာပြည့်ဝ နှလုံးလှစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းခိုင်၊ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး ဖရဲ-ကမာဖရုံ ကျေးလက်လမ်းဖွင့်

သနပ်ပင် ဖေဖော်ဝါရီ ၂၃

ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကိုယ့်အားကိုယ်ကိုး ဖရဲ-ကမာဖရုံ ကျေးလက်မြေသားလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါမြေသားလမ်း မင်္ဂလာမုခ်ဦးတွင် ပြုလုပ်သည်။

ဖွင့်ပွဲသို့ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း တက်ရောက်ချီးမြှင့်သည်။ ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ ကမာဖရုံကျေးရွာဥက္ကဋ္ဌ ဦးသိန်းလှိုင်တို့က အမှာစကားပြောကြားကြသည်။ မြေသားလမ်းဖောက်လုပ်ပြီးစီးမှု စာရွက်စာတမ်းများအား မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမြင့်ဝေထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကိုယ့်အားကိုယ်ကိုး ဖရဲ-ကမာဖရုံ ကျေးလက်မြေသားလမ်းအား မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် ဖရဲကျေးရွာဥက္ကဋ္ဌ ဦးကြီးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)

လက်ထပ်ပြီးစီးခြင်း

မြောင်းမြမြို့၊ သီရိမင်္ဂလာ (၁)လမ်း၊ အမှတ် (၄၈)နေ
ဦးစိန်ဝင်း-ဒေါ်အေးမြင့်တို့၏သား၊
မဝင့်ထက်ခိုင်တို့၏အစ်ကို

မောင်စစ်ဟိန်းဦး

Final Year (Philosophy)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊
မဟာမြိုင်ကျောင်းလမ်း၊ အမှတ်(၆၆၃)နေ
ဦးညွန့်ဦး (Uniteam)-(ဒေါ်ခင်ခင်ညို)တို့၏သမီး၊
ကိုကျော်သက်ဦး (Uniteam)-မချိုမာလွင်တို့၏ ညီမ

မကေသွယ်ဦး

B.Sc (Hons;) Physics, ACCA Part II

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၉-၂-၂၀၀၄ ရက်တွင် U.K နိုင်ငံလန်ဒန်မြို့ရှိ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး Dr. ဦးကျော်ဝင်း၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်းနှင့် ၂၁-၂-၂၀၀၄ ရက်တွင် မင်္ဂလာဦးဆွမ်းကျွေးပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စစ်ဟိန်းဦး-မကေသွယ်ဦး။

စေ့စပ်ကြောင်းလမ်းမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း ဒဂုံမြောက်ပိုင်း(၃၄)စံပြရပ်ကွက်၊ ပိတောက်မြိုင်(၃)လမ်း
အိမ်အမှတ် (၁၂၃၉) နေ ဦးဉာဏ်မင်း၊ မြန်မာ့ကုန်တိုက်(ငြိမ်း)-
ဒေါ်ငွေငွေမြင့် ကျန်းမာရေးဆရာမ(ငြိမ်း)တို့၏
တစ်ဦးတည်းသောသား

မောင်သန့်ဇော်မင်း (A.G.T.I)

နှင့်

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ ရပ်ကွက်၊ တိုက် (၇)
အခန်း ၃ နေ၊ ဦးဝင်းစိုး-ဒေါ်နုနုကြည်တို့၏ တစ်ဦးတည်းသောသမီး

မမေသကြိန်ထွန်း

တို့၏

၂၉-၂-၂၀၀၄ ရက် (တနင်္ဂနွေနေ့)တွင် (Trader Hotel) ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော စေ့စပ်ကြောင်းလမ်းမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇော်မင်း-မမေသကြိန်ထွန်း။

ဟောချက်က အံ့ထိ လုပ်ဆောင်ချက်က ကွက်တိ
ဓာတ်ရိုက် ဓာတ်ဆင် လက္ခဏာ ဗေဒင်

လမင်းသာ ဦးမျိုးအောင် ဗေဒင်လက္ခဏာ

၁ ရက်မှ ၂၅ ရက်အထိ
အမှတ် ၆၊ လမ်း ၁၄၀၊ မအူကုန်း၊ ရန်ကုန်၊ ဖုန်း- ၂၀၂၄၂၄
၂၆ ရက်မှ လကုန်အထိ၊ အမှတ် ၄၁၄၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့

ရွှေရောင်အနာဂတ်မှကြို

မိမိရင်သွေးငယ်များအား ဖွံ့ဖြိုးတိုးတက်အောင်
တစ်ဦးချင်းလေ့ကျင့်သင်ကြားပေးသောကျောင်း

အမှတ် ၃၅ စ/၃၊ မြစပါယ်လမ်း၊ မြစပါယ်ရိပ်သာ
ပါရမီ၊ မရမ်းကုန်းမြို့နယ် ဖုန်း-၆၆၂၃၅၁

ရောင်းမည်(မြေထိုးစက်)

လက်ရှိအသုံးပြုလျက်ရှိသော
CAT.D8H (U.S.A.-Origin) မြေထိုးရန်နှင့်
သစ်လုံးဆွဲတင်ရန် (၂၅ တန်)အားရှိ (ဝင့်)ပါရှိပါသည်။
ဆက်သွယ်ရန် ဖုန်း-၂၉၉၁၈၂၊ ၂၉၉၁၈၃၊ ၀၉-၈၀ ၃၁၈၉၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်

၁။ ၂၀၀၄ ခုနှစ် မတ်လ ၁၃ ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များအား (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများ ရောင်းချရန် ကောင်တာများ ရယူလိုသူများသည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့်ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

အမည်ပြောင်း

ဗန်းမော်မြို့ အထက (၁) ဆဋ္ဌမတန်း (A)မှ မောင်သိမ့်အောင်အား မောင်သိမ့်ထွဋ်အောင် ဟု ခေါ်ပါရန်။

မောင်သိမ့်ထွဋ်အောင်

ကန့်ကွက်နိုင်ပါသည်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၁၊နည်းဥပဒေ-၈)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် - ၁၆၉

ဖာရစီမီးဘုရားကျောင်းနှင့် သုသာန်မြေဂေါပကအဖွဲ့ (၎င်းဂေါပကအဖွဲ့၏ကိုယ်စား ဥက္ကဋ္ဌ ဦးဂျမားမောင်အေး) အမှတ်(၂၅)၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးအောင်မင်း (ခ)မိုဟာမက်အာမင်း အမှတ်(၁၅၀)၊ ၂၉ လမ်း (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ဦးဘခင်(ကန်ထရိုက်တာ) ဂန္ဓမာဆောက်လုပ်ရေး အမှတ်(၁၀၃/၁၀၅) ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်များ**

သက်ဆိုင်သူများသိစေလိုက်သည်။

အထက်ပါအမှုမှတရားလိုက တရားပြိုင်များအပေါ် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၂ အရ "ဖာရစီမီးဘုရားကျောင်းနှင့်သုသာန်မြေဂေါပကအဖွဲ့ပိုင်မြေကွက်ပေါ်၌ အဖွဲ့ဥက္ကဋ္ဌ၏သဘောထားခွင့်ပြုချက်မရှိဘဲ (၇)ထပ်တိုက် အဆောက်အအုံဆောက်လုပ်နေခြင်းအား ရပ်ဆိုင်းပေးစေ၍ အဆောက်အအုံအားဖျက်သိမ်းပြီး ယူဆောင်ထွက်ခွာဖယ်ရှားပေးစေလိုမှု" စွဲဆိုထားပါသည်။ ယင်းအမှုကို ဆိုင်ဆိုကြားနာရန် အတွက် ၂၀၀၄ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ (၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်)နံနက် (၁၀)နာရီသို့ချိန်းဆိုထားပါသည်။ သို့ဖြစ်ရာ သက်ဆိုင်သူမည်သူမဆိုအဆိုပါအမှုတွင်အမှုသည်အဖြစ်ပါဝင်လိုပါက ဆိုခဲ့သည့်နေ့ရက်တွင်လာရောက်လျှောက်ထားနိုင်ကြောင်းဆင့်ဆိုပါသည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း
တွဲဖက်တိုင်းတရားသူကြီး(၁၅)
ရန်ကုန်တိုင်းတရားရုံး

မောင်ငယ်နှင့်အများသိစေရန်

ဦးကိုကိုဦး အမျိုးသားမှတ်ပုံတင်အမှတ် ဂျေ/အာရ်ဂျီအန်-၀၅၅၈၃၀ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည်နှင့် မောင်ငယ်တို့သည် ၂၅-၆-၂၀၀၃ ရက်မှစ၍ လုပ်ငန်းအပြီး ခွဲခဲ့ပြီးဖြစ်ရာ အမက (၄)၊ ဗိုလ်တထောင်ဝန်ထမ်းသက်သာဆိုင်ခန်းအမှတ် (၃)သည် မောင်ငယ် (ပီဇက်ဒီဂျီ-၀၀၅၉၁၆) နှင့် လုံးဝ မသက်ဆိုင်ကြောင်းနှင့် မောင်ငယ်ကြိုတင်ထုတ်ယူငွေများနှင့် ကိုရဲထွတ်ထံမှ လက်မှတ်ရေးထိုးထုတ်ယူသွားသော ပေ၄ဝကားခငွေများကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက မောင်ငယ်၏ တာဝန်သာဖြစ်ကြောင်းနှင့် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်စိုးအောင်
(တရားရုံးချုပ်ရှေ့နေ)
အမှတ် ၅၀၊ ပထမထပ်၊ (ဘီ-၃)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ရောင်းလို၊ ငှားလိုက ဆက်သွယ်ပါ

မြို့နယ်စုံရှိ လုံးချင်း၊ မြေကွက် တိုက်ခန်းများ ရောင်းလို၊ ငှားလိုပါက ပိုင်ရှင်ကိုယ်တိုင် အမြန်ဆက်သွယ်ပါ။
ဖုန်း-၇၂၀၇၇၉၊ ၂၀၀၅၂၆

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မစမ်းစမ်းအေး ၁၂/ကတတ(နိုင်) ၀၁၄၄၀၄ သည် မိဘဆိုဆုံးမမှုကို မနာခံသည့်ပြင် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်သန်းသန်း
၁၂/ကတတ(နိုင်) ၀၁၃၄၄၉

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သမီးဖြစ်သူ မနုနုလှိုင် ၁၄/ဓနဖ(နိုင်) ၀၇၈၄၇၂အား ၂-၃-၂၀၀၄ရက် မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စကို လုံးဝတာဝန်မယူပါ။

ဒေါ်စိန်လှိုင်
၁၄/ဓနဖ(နိုင်) ၀၇၇၄၁၂

ကျေးဇူးဆပ်ပါမည်

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

၁။ စာရင်းကိုင် မ (၁) ဦး
(B.Com./DA)
၂။ အတွင်းရေးမှူး (၁) ဦး
(ဘွဲ့ရ)
အင်္ဂလိပ်စာအရေးအပြော
ကျွမ်းကျင်သူ
၃။ ဝန်ထမ်း(ဘွဲ့ရ)ကျား/မ (၄) ဦး
သွင်းကုန်ထုတ်ကုန်လုပ်ငန်း
ကျွမ်းကျင်ပြီး
အင်္ဂလိပ်အရေးအသား
ကျွမ်းကျင်သူဖြစ်ရမည်။
၄။ အထွေထွေလုပ်သား
(၁၀)တန်း ကျား (၅) ဦး
၅။ လုံခြုံရေး ကျား (၂) ဦး
၆။ ယာဉ်မောင်း ကျား (၄) ဦး
(လိုင်စင်-ခ၊ဃ၊င)
ယာဉ်မောင်းသက်တမ်း
အနည်းဆုံး(၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည်ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ သန်းခေါင်စာရင်းမိတ္တူတို့နှင့်အတူ အမှတ် ၁၀၆၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ကျေးဇူးတင်ရှိခြင်း
မဟာသရေစည်သူ ဦးဖေခင် (ပင်လုံ)
နိုင်ငံ့ဂုဏ်ရည် ပထမဆင့်
အငြိမ်းစား သံအမတ်ကြီး
အသက်(၉၂)နှစ်

၂၅-၂-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားခဲ့သော အငြိမ်းစား သံအမတ်ကြီး ဦးဖေခင်(ပင်လုံ)နာမကျန်းဖြစ်စမှ ဈာပနကိစ္စပြီးဆုံးသည်အထိ ဂရုတစိုက်ဖြင့် သတင်းမေးမြန်းပြီး အစစအရာရာ ဖေးမ၊ ကူညီ၊ စောင့်ရှောက်ပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်စစ်ဘက်နယ်ဘက်အရာရှိကြီးများ၊စေတနာ အပြည့်အဝဖြင့် အစွမ်းကုန်ပြုစုကုသပေးခဲ့ကြသော အာရှတော်ဝင် နှလုံးအထူးကုဆေးခန်းကြီးမှ ပါမောက္ခဆရာဝန်ကြီးများ၊ တာဝန်ရှိဆရာဝန်၊ ဆရာမနှင့် ဝန်ထမ်းများ၊ လိုလေသေးမရှိ အပြည့်အဝကူညီခဲ့ကြသော Micasa Hotel Apartments မှ ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဝမ်းနည်းကြောင်းပြောကြားပြီး နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပေးပို့ကြသော သံရုံးများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ဈာပနကိစ္စတွင် အစစအရာရာကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်သင့်တင်ထိုက်သူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာမေမာလာဆွေ(မီးယပ်/သားဖွားအထူးကုဆရာဝန်ကြီး၊ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မိခင် ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက် ည ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရ၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများကမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်ကျန်းမာရေးဝန်ကြီးဌာနမှဝန်ထမ်းများ။

ဦးထွန်းထွန်း (ရေဦး)
B.E (Mech:), M.O.T 2nd Class
1 A/E, M.V YTHAN
Eastwing Shipmanagement Pte.,Ltd.
အသက်(၄၉)နှစ်

ရေဦးမြို့နေ ဦးတင်အောင်-ဒေါ်သောင်းသောင်းတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသိန်းအောင်)-ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ် ၅၆(ပထမထပ်)၊ရှမ်းကုန်းလမ်း၊စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း [B.E (Mech:) Geocomp]၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သိန်း၊ ဗိုလ်မှူးချုပ်တင်နိုင်သိန်း(သစ်တောရေးရာဝန်ကြီးဌာန)-ဒေါ်အေးအေး၊ ဦးတင်မောင်အေး-ဒေါ်မာမာသိန်း(စက်မှု-ထွေ/ထိန်း)တို့၏မောင်/ညီ၊ ဦးတင်လှိုင်သိန်း-ဒေါ်ခင်ရှိန်၊ ဦးစိုးမင်းအောင် (2/O-Uniteam)-ဒေါ်စီစီသာရ(လ/ထကထိက၊ ဓာတုဗေဒဌာန)၊ ဒေါ်ကေသီအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း (GTC၊ ဒုနှစ်၊ IAD-KMD)၊ မောင်မင်းမင်းထွန်း(X.F၊ အထက- ၁၊ ဒဂုံ)တို့၏ဖခင်၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၈-၂-၂၀၀၄ရက် (စနေနေ့) ည ၂၂:၀၀ နာရီခန့်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်း (ရေဦး)
B.E (Mech.), M.O.T 2nd Class
1 A/E, M.V YTHAN
Eastwind Shipmanagement Pte., Ltd.
အသက်(၄၉)နှစ်

ရေဦးမြို့နေ ဦးတင်အောင်-ဒေါ်သောင်းသောင်းတို့၏သား၊ရန်ကုန်မြို့နေ (ဦးသိန်းအောင်)-ဒေါ်စန်းစန်းမြင့်တို့၏သားသမက်၊ အမှတ် ၅၆(ပထမထပ်) ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ဝင်းဝင်းသိန်း [B.E (Mech) Geocomp]၏ခင်ပွန်း၊ရေဦးမြို့နေ ဦးစောချိုဝင်း-ဒေါ်လှလှ၏ညီ၊ ဦးမင်းနိုင်စိုး-ဒေါ်အေးအေးနု၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်ခင်မာအောင်၊ ဦးမိုးအောင်တို့၏အစ်ကို၊ မခိုင်စုစုထွန်း [G.T.C ဒုနှစ်၊ I.A.D-KMD]၊ မောင်မင်းမင်းထွန်း (XF၊ အထက-၁၊ ဒဂုံ)တို့၏ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၈-၂-၂၀၀၄ (စနေနေ့) ည၂၂:၀၀နာရီခန့်တွင် ကိုလံဘီယာကမ်းလွန်ပင်လယ်ပြင်၌တာဝန်ထမ်းဆောင်ရင်း ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောမောင်မြ
အသက်(၈၃)နှစ်

အင်းစိန်မြို့နယ်၊ကြို့ကုန်း(အနောက်)၊ ခဝဲခြံ ၁ လမ်း၊ အိမ်အမှတ် ၅၇၅ နေ နော်စေးရာ၏ခင်ပွန်း၊ နော်ရီးဖော-စောတင်နု၊ နော်ရီးထာ-စောဘယ်ရီ၊ နော်စေးလာ-စောရော်ဘင်၊ နော်အေးအေးလှ-စောရီးဟာ၊ နော်အယ်နီးထာ၊ စောလေးတော၊ စောသကဲတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် နံနက် ၁၁:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် သမိုင်း ကရင်နှစ်ခြင်း အသင်းတော် ဦးရွှေနုလမ်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ကရင်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးစိန်လှိုင် (ဝါး၊ခနိဆိုင်)
(ထောက်ကြန့်၊ တိလောက)
အသက်(၅၃)နှစ်

ထောက်ကြန့်၊ ပြည်လမ်း(မြောက်ပိုင်း)နေ (ဦးဖိုးလွင်-ဒေါ်မြသင်)တို့၏သား၊ ဦးအောင်ရှိန်-ဒေါ်သန်းသန်းတို့၏သားသမက်၊ ထောက်ကြန့်မြို့၊ တိလောကနေ ဒေါ်စန်းတင့်၏ခင်ပွန်း၊ မောင်ဇော်လင်းထွန်း၊ မောင်ဇော်မင်းထွန်း-မနန်းဝင်းအေးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စန္ဒာအေး
(ခင်စိုးဓာတ်ပုံတိုက်)
အသက်(၄၄)နှစ်

(ဦးတင်အေး-ဒေါ်မြသန်း)တို့၏သမီးထွေး၊ (ဦးခင်စိုး-ဒေါ်ခင်မာ) ခင်စိုးဓာတ်ပုံတိုက်တို့၏ သမီးချွေးမ၊ အမှတ် ၃၃၊ ၃၅(ပထမလွှာ)၊ ရေကျော်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိုးပိုင် (ခင်စိုး ဓာတ်ပုံတိုက်)၏ဇနီး၊ မအေးဝင်းမွန် (IX-A အထက-၄၊ ဗိုလ်တထောင်)၏ မိခင်သည် ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာလာ(ခ)ဘီမလား
(စိန်ပေါ်ကျောင်းရှေ့ ဆိုင်ကယ်ဆိုင်)
အသက်(၅၁)နှစ်

အမှတ် ၂၇၂/၂၊ သိမ်ဖြူလမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဦးစရစ္စနား၏ဇနီး၊ ဦးC.N ရာဂျာ-ဒေါ်ဘသ်မာဝတီတို့၏ သမီးချွေးမ၊ ဦးဒါနဆူ - ဒေါ်ယရှီးဒါတို့၏ သမီး၊ (ဦးကေစွာ)-ဒေါ်လချိမီး၊ ဦးစုကူးမား-ဒေါ်စရီးဂျား၊ မဉမ္မာ၊ မောင်ချန္ဒရာ-မဒေါ်လီတို့၏မရီးအစ်မ၊ မောင်သုစံ (X-C အထက-၅၊ ဗိုလ်တထောင်)၊ မခိုင်ဇာဝေ (IX-S အထက-၄၊ ဗိုလ်တထောင်)တို့၏မိခင်သည် ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၅၊ အလုံ၊ ဌာနာလမ်းနေ (ဦးမောင်မောင်)၏ဇနီး၊ ဒေါ်ခင်ခင်နွဲ့၊ ဒေါက်တာဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာမေမာလာဆွေ(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးသန်းထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ အမှတ်-၂၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ရီသန်း၊ ဒေါ်ဝင်းဝင်းမာ(လက်ထောက်ညွှန်ကြားရေးမှူး၊ လဝက)-ဦးမောင်မောင်လတ်တို့၏ကျေးဇူးရှင်မိခင်၊ ဒေါက်တာဝါဝါဝမ်းမောင်-ဒေါက်တာကျော်စိုးကျော်၊ ခင်သန္တာထွန်း၊ ဇင်မာသန်း၊ စုစုအောင်၊ ယဉ်မင်းထွန်း၊ မေသူလတ်၊ မောင်ချမ်းငြိမ်း(ဆေး-၁)၊ ညီညီထွန်း၊ စိုးမိုးနိုင်(တက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏အဘွားနှင့် ခင်ခင်စိုး၏အဘွားဖြစ်သူ ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက် ည ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊တံတိုင်း၊တန်ဆောင်း၊ပိဋကတ်သုံးပုံဒါယကာကြီး
ဦးကျော်ရှိန်း
ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား)
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေခရိုင်
First Year B.A (B.Dh.)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၅)ရပ်ကွက်၊ စောရန်နိုင်လမ်း၊ အမှတ် ၁၉ နေ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် (ဦးကျားကြီး-ဒေါ်သူ)တို့၏သား၊ (ဦးပြုံးချို-ဒေါ်စောခင်)တို့၏သားသမက်၊ ဦးပညာသာမိ၊ ဦးဥတ္တမ၊ ဦးပညာဇောတ(လယ်တီကျောင်းသစ်၊ ညောင်ကုန်းကျောင်းတိုက်)တို့၏တူ၊ ဒေါ်ကြင်သန်း(အလပြ၊ ငြိမ်း၊ အမက-၁၅၊ ဒဂုံ/မြောက်)၏ခင်ပွန်း၊ (ဦးသိန်း-ဒေါ်စန်းမြိုင်)၊ (ဦးအောင်စိန်)-ဒေါ်စန်းလှိုင်၊ ဦးကြည်-ဒေါ်မြင့်ရီ၊ ဦးစံသိန်း-ဒေါ်တင်ညွန့်၊ (ဦးလှဋ္ဌေး)-ဒေါ်တင်ဝင်းတို့၏ ညီ/မောင်/အစ်ကို၊ ဦးကံထွဋ်(ဦးစီးအရာရှိ၊ ခရိုင်ထွေ/အုပ်၊ မိတ္ထီလာခရိုင်)-ဒေါ်ချိုချိုဦး၊ (ကျော်သန်းဦး)၊ ဦးကျော်မိုး-ဒေါ်တင်စိုးသက်၊ ဦးသန့်ကျော်(ဒု-ဦးစီးမှူး၊ ထွေ/အုပ်၊ ဖာပွန်မြို့နယ်)-ဒေါ်မေတင့်သွင်၊ ဒေါ်ချိုနွယ်ဦး(ထွေ/အုပ်၊ ဒဂုံ/မြောက်မြို့နယ်)၊ ဒေါ်နီလာဆန်း(ဒု-ဦးစီးမှူး၊ ထွေ/အုပ်၊ ဒဂုံ/တောင်မြို့နယ်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာမေမာလာဆွေ(မီးယပ်/သားဖွားအထူးကုဆရာဝန်ကြီး၊ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မိခင် ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက် ည ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဒေါက်တာဦးဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာဒေါ်မေမာလာဆွေ(ဗဟိုအမျိုးသမီးဆေးရုံကြီး)၏မိခင် ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူးနှင့်ဝန်ထမ်းများ
ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနမိသားစု
ရန်ကုန်ပြည်သူ့ဆေးရုံကြီး။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးအေးဟန်
(မင်းလှ၊သဲကုန်း)
အသက်(၆၄)နှစ်

ပဲခူးတိုင်း၊မင်းလှမြို့နယ်၊ငွေးတောက်ကုန်းရွာနေ (ဦးချိုကြီး-ဒေါ်စောကြိုင်)တို့၏သား၊ သဲကုန်းမြို့၊ လမ်းမတော်လမ်းနေ (ဦးစိန်မောင်-ဒေါ်လှစိုး)တို့၏သားသမက်၊ ဆေးရုံလမ်းနေ ဒေါ်တည်ရည်၏ခင်ပွန်း၊ မောင်အောင်နိုင်ဦး (SPRING စားသောက်ဆိုင်)၊ဗိုလ်ကြီးရန်နိုင်စိုး-မနွေနှင်းမိုး၊ မောင်ဘိုဘိုဟန်တို့၏ဖခင်၊ ယွန်းမြအိမ်၊ ယွန်းသီရိနှင်းတို့၏အဘိုး၊ (ဦးတင်မောင်-ဒေါ်လှထွေး)၊ (ဒေါ်ခင်သိန်း)၊ (ဦးစံထွန်း-ဒေါ်သောင်း)၊ (ဦးလှခိုင်-ဒေါ်ယဉ်မြ)၊ ဒေါ်ခင်စိန်၊ ဦးဆွေသန်း-ဒေါ်မြစိန်၊ (ဗိုလ်မှူးညွှန့်ရင်)-ဒေါ်အေးအေးသန်း၊ ဒေါ်လှတင်တို့၏ညီ/မောင်၊(ဦးစံသိန်း)-ဒေါ်သန်းရွှေတို့၏အစ်ကို၊ ဦးဟန်စိန်-ဒေါ်ခင်ခင်လတ်၏ညီ၊ ဦးညီဝင်း-ဒေါ်တင်စမ်း၊ ကိုသန့်ဇော်-(မခင်အုန်း)၊ ကိုအောင်ချိုအေးတို့၏အစ်ကို၊ တူ တူမ ၂၄ ယောက်တို့၏ဦးလေးသည် ၁-၃-၂၀၀၄ရက် ည ၁၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ဝင်
ဦးကျော်စိန်(ခ)စီအိုဟော
(ရေခဲတောင်ကဖီး၊မုံရွာ)
အသက်(၇၇)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါ်အုံးခင်၏ သား၊ ဒေါ်အင်း(ခ)ဒေါ်ခင်ရီ၏ခင်ပွန်း၊ဒေါက်တာကျော်ဆန်းလှိုင်-ဒေါ်တင်တင်ဝင်း၊ဦးခင်မောင်တင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးကျော်သင်းလှိုင်-ဒေါ်တင့်တင့်အောင်၊ ကိုကျော်သန်းလှိုင်-ဒေါ်အေးအေးခိုင်(သစ်ဆန်း TV, Video)ရောင်းဝယ်ရေးတို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၂-၃-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၉:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် နေအိမ်မှ စားကျွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မမေစွန်သိန်းလွင်
(ဒုတိယတန်း-ဘီ၊ အလက-၁၊ ဒဂုံ)
အသက်(၉)နှစ်

မော်လမြိုင်မြို့နေ ဦးတရုတ်-ဒေါ်သိန်းတင်၊ (ဦးသာဒင်)-ဒေါ်မြင့်အေးတို့၏မြေး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၂ လမ်း၊ အမှတ် ၂၁/၅ (ဘီ)နေ ဦးသိန်းလွင် (ကောင်လေးကြီး) - ဒေါ်တင်တင်ဝင်းတို့၏သမီးငယ်၊ မပင်စည်သိန်းလွင် (စတုတ္ထတန်း-F၊ အလက-၁၊ ဒဂုံ)၏ညီမသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၁၀ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်နှင်းဝေ
(ရွှေပန်းထိမ်)
ဆိပ်စပ်နယ်သာရေးနာရေးအသင်းဝင်
ကျောက်ဖြူမြို့နယ်
(စနဲ၊ စံပါယ်ချောင်)
အသက်(၂၉)နှစ်

ကျောက်ဖြူမြို့နယ်၊ စံပါယ်ချောင်ရွာနေ ဦးထွန်းနုချေ-ဒေါ်မေသိန်းတို့၏သားကြီး၊ တောင်ကုတ်မြို့နယ်၊ ကံပိုင်ရပ်ကွက်၊ ဆေးရိုးတန်းလမ်းနေ အငြိမ်းစား ကျောင်းဆရာ (ဦးစံမောင်)-ဒေါ်မသန်း(ဝင်းသေတ္တာလုပ်ငန်း၊တောင်ကုတ်မြို့နယ် သာရေးနာရေးအသင်းဝင်)တို့၏သားသမက်၊ မခင်ခင်အေး(ခ)ပေါက်စ၏ခင်ပွန်း၊ မလှယမင်းအိမ်၏ဖခင်သည် ၂-၃- ၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [အိမ်အမှတ် ၉၅၉၊ သလ္လာဝတီ ၆ လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတ ဓမ္မာရုံမှတ်တိုင်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး
လူယုမေ(ခ)ဦးအောင်ဖြိုး
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊ ပင်းယ ၁၃ လမ်း၊ အမှတ် ၄၁၃နေ ဒေါ်ချောချော၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်မြလေး၊ (ဦးကြည်မင်း)-ဒေါ်မြင့်မြင့်ဝေ၊ ဦးသန်းနိုင်-ဒေါ်ကေသီကြည်၊ ဦးဝင်းဌေး-ဒေါ်ခင်စိန်၊ ဦးတင်လှ-(ဒေါ်စိန်စိန်)၊ ဒေါက်တာကိုကိုနိုင်-ဒေါ်လှိုင်ယဉ်၊ ဒေါ်တင်တင်ကြည်၊ ဒေါ်ခင်မင်းကြည်(နည်းပြ၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးမြင့်အောင်-ဒေါ်ခင်မြတ်ကြည်၊ ဦးစနိုင်ထွန်းလွင်-ဒေါ်ခင်နွယ်ကြည်၊ ဒေါ်ခင်နီလာကြည်တို့၏ဖခင်၊မြေး ၂၄ ယောက်၊ မြစ်ခြောက်တို့၏ အဘိုးသည် ၂-၃-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၉:၂၅ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဓမ္မပါလ (သိုက်တော၊ ပုတီးကုန်း)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၄)ဝါ

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သပြေလှအုပ်စု၊ သိုက်တောကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဓမ္မပါလမထေရ်မြတ်သည် ၁၃၆၅ခုနှစ် နတ်တော်လကွယ်နေ့ ည ၁၀:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (၃-၃-၂၀၀၄)ရက် ဗုဒ္ဓဟူးနေ့တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာသာရ
သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၂၉)ဝါ

ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မိုးကုတ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တပညာသာရသည် ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (၂-၃-၂၀၀၄ရက်)အင်္ဂါနေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပေါင်းလပြည့်ကျော် ၁ ရက် (၆-၃-၂၀၀၄ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (မိုးကုတ်ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ဈာပနကျင်းပရေးကော်မတီ။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်ခင်ဆုံ (ပေါက်တန်း)
အသက်(၇၈)နှစ်

စမ်းချောင်းမြို့နယ်၊ဗဟိုလမ်း၊ဇေယျာဝတီလမ်း၊ အမှတ် ၃၂ နေ (ဦးမောင်ငွေ-ဒေါ်ညွှန့်)တို့၏သမီး၊ ဦးကျင်ဖေ၏ဇနီး၊ (ဦးသန်း-ဒေါ်ခင်သုံး)တို့၏ညီမ၊ ဦးတေဇဝဏ္ဏ၊ ဒေါ်ခင်တုတ်၊ ဦးမြဝင်း-(ဒေါ်သန်းမြင့်)၊ ဦးဘိုနီ-ဒေါ်တင့်တင့်တို့၏အစ်မ၊ ဦးဝင်းမောင်မောင်-ဒေါ်ခင်ဆွေသိန်း၊ ဦးမျိုးမြင့် (ကိုကင်းကောင်)-ဒေါ်အေးအေးမွန်(အမက-၇၊ စမ်းချောင်း)တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွား၊ တူ တူမ ၁၁ ယောက်တို့၏ အဒေါ်သည် ၂-၃-၂၀၀၄ရက် နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအေးထွန်း
နတ်တလင်း
အထက်တန်းပြဆရာ(ဟောင်း)
အထက၊ရေးမြို့
ဌာနစုမန်နေဂျာ(ငြိမ်း)၊
ကုန်သွယ်(ဆေး)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ စီးပွား/ကူးသန်း ဝန်ထမ်းအိမ်ရာ၊ တိုက် ၄၊ အခန်း ၁၈ နေ (ဦးဘိုးကဲ-ဒေါ်ညို)တို့၏ သား၊ (ဦးညွှန့်တင်-ဒေါ်ကျင်မှီ)တို့၏ သားသမက်၊ ဒေါ်မြမြခိုင်၏ ခင်ပွန်း၊ (ဒေါ်ကျင်မေ)၊ (ဦးကျော်ထင်)-ဒေါ်လှမြင့်၊ (ဦးထွန်းအောင်ကျော်)-ဒေါ်တင်တင်တို့၏မောင်၊ ဦးသိန်းအောင်(ဒုညွှန်ချုပ်၊အား/ကာ)-ဒေါ်ရီလေး၊ ဦးဆန်းတင်-ဒေါ်တင်မေဦးတို့၏အစ်ကို၊ မအေးအေးခိုင်(နှင်းနှင်းခိုင်ကုမ္ပဏီ)၊မနှင်းနှင်းလှိုင်(MEGA Products Ltd.)တို့၏ဖခင်သည် ၁-၃-၂၀၀၄ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသီဟန်ထွန်း
(အငယ်တန်းအင်ဂျင်နီယာ-၁၊ ရေသန့်)
အသက်(၆၀)

မကွေးတိုင်း၊ မိကျောင်းရဲမြို့နယ်နေ ဦးလူခင်-ဒေါ်ကျင်မြိုင်တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၅၀ နေ ဦးမောင်မြ-ဒေါ်ကျင်စိန်တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ သာမုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၅၂ နေ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ မကွေးတိုင်း၊ အောင်လံမြို့နေ ဦးဟုတ်ကြည်-ဒေါ်လှမြင့်ဌေးတို့၏အစ်ကို၊ ကိုအောင်ဇော်တိုး-မခင်ယုယုမြိုင်၊ ကိုရဲမင်းထွန်း-မစန်းစန်းဝင်း၊ ကိုမျိုးဝင်း-မပပထွန်းတို့၏ဖခင်၊ မညိုလဲ့နွယ်၊ မောင်မျိုးသာခင်တို့၏အဘိုးသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးနော်မေလီ
(အငြိမ်းစားသူနာပြု)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၁၂၊ သီရိမင်္ဂလာလမ်းနေ (ဦးစံဒွေး-ဒေါ်ဖွားမေ)တို့၏သမီးကြီး၊ (ဒေါ်မေစီ သိန်း-ဦးဝေလ်ဆင်သိန်း)တို့၏ အစ်မကြီး၊ ဒေါက်တာဦးချိုမြင့်-ဒေါ်မြင့်မြင့်သိန်း၊ ဦးသန့်ဇင်-ဒေါ်ညွန့်ညွန့်သိန်း၊ (ဦးကျော်ကျော်) - ဒေါ်ဝင်းဝင်းသိန်း၊ ဦးကျော်ဝင်းသိန်း - ဒေါ်ဝင်းဝင်းမေ၊ ဒေါက်တာစုစုသိန်း၊ ဦးဇော်ဝင်းသိန်း-Kumiko Suzuki၊ ဒေါက်တာအောင်ထွန်းသက် - ဒေါ်ဆွေဆွေသိန်းတို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏ ဘွားဘွားကြီး၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁-၃-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်း ပြည်လမ်းရှိ ယုဒသန်နှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်း (Judson Church)တွင် ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ညိမ်း
အသက်(၇၂)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ စက်စုကျေးရွာနေ (ဦးဘငွေ-ဒေါ်စိန်အုံ)တို့၏သမီး၊ (ဦးသာခင်-ဒေါ်အေးကြည်)တို့၏ညီမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၀၉၊ ၄၀လမ်းနှင့် အမှတ် ၅၅၊ ဆင်ရေကန်လမ်းနေ၊ ဘိုကလေးမြို့၊ (၅)ရပ်ကွက်၊ တတိယလမ်းရှိ ရွှေကြီးမကြီး ဆေးပေါ့လိပ်လုပ်ငန်းပိုင်ရှင် ဦးချစ်ဆွေ၏ဇနီး၊ မောင်တင်စိုး(အတိုး)၊ မဝင်းမြင့်၊ ဦးဝင်းမောင်(Air Mandalay)-ဒေါ်ဥမ္မာဆွေ(သိန်းသန်းကြိုးစက်)၊ မောင်တိုင်းဝင်း(ကိုပေါက်ကြီး)၊ မတင်တင်ချစ်(မဘုတ်)တို့၏ မိခင်၊ မဝင်းလဲ့လဲ့ဖြူ၊ မောင်ရဲဝင်းသူ၊ မောင်စစ်ငြိမ်းလူတို့၏ မေကြီးသည် ၁-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇:၃၀ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၀၉၊ ၄၀လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်ချစ်
(ထွေ/အုပ်ဦးစီးအရာရှိ)
အသက်(၄၈)နှစ်

အမှတ် ၂၅၊ မီးပန်းကုန်းရပ်၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးလှရွှေ-ဒေါ်သန်းတို့၏ သား၊ ဒေါ်ခင်အေးသိမ်း (ဆေး-ဂွမ်း၊ ပတ်တီးစက်ရုံ)၏တူ၊ ဦးဟန်တင်-ဒေါ်ခင်နှင်း၊ ဦးသိမ်းထွန်း(မိုးဇလ)၊ ဒေါ်မြင့်မြင့်သိမ်း(အဝေးသင်)၊ ဦးရဲမြင့် (ဆည်မြောင်း)-ဒေါ်တင်တင်ကျော်ဝင်းတို့၏ညီ၊ ဦးကျော်နိုင်-ဒေါ်ရီရီမြင့်၊ ဦးသိန်းစိုး(လေကြောင်းဦးစီး)၊ ဒေါ်ခင်မေကြည်(လေကြောင်းဦးစီး)၊ ဦးရဲလွင်-ဒေါ်ခင်မာညို၊ဦးဝင်းမြင့်နိုင်တို့၏အစ်ကိုသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) ည ၈:၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဒေါ်နန်းအေး
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်၊အမှတ် ၇၊ ဦးရွှေမိုးလမ်းနေ (ဦးဘကျော်-ဒေါ်လှတင်)တို့၏ဒုတိယသမီး၊ (ဦးဆန်းတင်-ဒေါ်ရီ)တို့၏ညီမ၊ ဦးဗိုလ်ဝင်း-ဒေါ်မြမြအေး၊ (ဦးဗိုလ်သန်း)-ဒေါ်သန်းနွဲ့၊ (ဗိုလ်ကြီးဝင်းရှိန်) - ဒေါ်မြမြသိန်း၊ ဦးဂျော်နီမြင့်သိန်း-ဒေါ်သန်းရွှေတို့၏အစ်မ၊ (ဗိုလ်မှူးထွန်းဖဲ)၏ဇနီးသည် ၂-၃-၂၀၀၄ရက်တွင် တိုက် ၃၁၊အခန်း ၆၊ အောင်ဇေယျရိပ်သာ၊သစ်တောရပ်ကွက်၊ အလုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်နန်းဆာ (မန္တလေး)
အသက်(၇၁)နှစ်

မူဆယ်မြို့၊ ဆယ်လန့်ရွာ(ဦးပုလွယ်မောက်ခမ်း-ဒေါ်ရာလွယ်မောက်ခမ်း)တို့၏သမီးထွေး၊ ကျိုင်းတုံမြို့နေ(ဦးလွန်းလောင်းလီ-ဒေါ်နန်းခမ်းလောင်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ် ၂၂ နေ (ဦးစိုင်းစံတစ်)၏ဇနီး၊ မနန်းခမ်းလီ၊ ကိုစိုင်းလုံသစ်၊ မနန်းခမ်းဆိုင်၊ ကိုစိုင်းရီသစ်၊ မနန်းခမ်းယုံ၊ မနန်းခမ်းမိန်၊ မောင်စိုင်းစံရွက်တို့၏မိခင်သည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့)ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မိုင်လှကြိုင်
အသက်(၅၉)နှစ်

တောင်တွင်းကြီးမြို့နေ(ဦးကျော်ဒွန်း-ဒေါ်ရွှေတင်)တို့၏သမီး၊ တောင်တွင်းကြီးမြို့နေ (ဦးစိန်ပို-ဒေါ်အေးရှင်)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ ၃ လမ်း၊ အမှတ် ၃၅/၂ နေ ဦးထွန်းရွှေ (ဦးစီးအရာရှိ၊ လေကြောင်းဦးစီးဌာန၊ ပုဂံသောင်ဦးလေဆိပ်)၏ဇနီး၊ ဒုလေယာဉ်မှူးကြီးဦးနိုင်ဝင်း(Yangon Airways)၊ ဦးမင်းမင်းထွန်း-ဒေါ်စိုးစိုးအောင်၊မနီလာထွန်း၊ မသီတာထွန်း၊ မဉမ္မာထွန်းတို့၏မိခင်၊ မောင်စွမ်းရည်ထက်၏ အဘွားသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကိုထွန်းထွန်းနိုင်
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၁၇ နေ ဦးမြိုင်-ဒေါ်ငြိမ်းတို့၏သား၊ ကိုကျော်ဇင်-မဌေးဌေးဝင်း၊ ကိုဇော်ကြီး-မတင်မာသန်းတို့၏ညီ/မောင်၊ ကိုကျော်ဟန်-မဌေးဌေးလတ်၊ ကိုသန်းနိုင်-မကြည်ကြည်မြင့်၏အစ်ကို၊ မချိုချိုသန်း၏ခင်ပွန်းသည် ၂-၃-၂၀၀၄ရက် နံနက် ၁၁:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ မြိတ်မြို့ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဗုဒ္ဓသာသနာ့ဗိမာန်တော်အနီးရှိ ရှုရပ်မှ ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာသိဒ္ဓိဇယစေတီတော်တည်ထားမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

တနင်္သာရီတိုင်း မြိတ်မြို့တွင်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့၌ တည်ထားလျက်ရှိသည့် မဟာသိဒ္ဓိဇယစေတီတော်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မဟာသိဒ္ဓိဇယစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓ ရုပ်ပွားတော်အား ဖူးမြော်ကြည်ညို ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စေတီတော်တွင်ဌာပနာမည့် ဓာတ်တော်များ၊ ဌာပနာတော်ပစ္စည်းများကို ကြည်ညို ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ☼



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၃

၂၀၀၄ ခုနှစ် မတ် ၃ ရက်၌ ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆင်မီယွန် ဆက်ဆေ-ကိုဘာ့ဂ် ဂိုသာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး